# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၁၀) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (15-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၁၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။**

**နေပြည်တော် မတ် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံမှ တွင်းထွက်နှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ ➡**




ရတနာပုံ
၂၀၂၃ ခုနှစ် မတ် ၁၅ ရက်
အယ်ဒီတာ့အာဘော်

## တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရန်အတွက် ကျန်းမာရေးကဏ္ဍတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေး၊ မွေးကင်းစနှင့်ကလေးကျန်းမာရေး၊ ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး၊ ကူးစက်ရောဂါနှင့် မကူးစက်ရောဂါများ ကာကွယ်တိုက်ဖျက်ရေး၊ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း၊ ပုံမှန်ကာကွယ်ဆေးများထိုးခြင်း၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေး၊ ကျန်းမာရေးအဆင့်မြှင့်တင်ရေး စသည့်ဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီပြီး သာတူညီမျှရှိသော ကျန်းမာရေးလွှမ်းခြုံမှုစနစ်တစ်ရပ်ဖြစ်လာစေရေး ဆောင်ရွက်သွားရန်ဖြစ်သည်။

လူတိုင်း သက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေး၊ ပြည်သူလူထု၏ မျှော်မှန်းသက်တမ်းတိုးတက်မြင့်မားလာစေရေးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးပညာရှင်များ၏လုပ်ဆောင်မှုများသာမက သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်။ ထို့ကြောင့် ပြည်သူလူထုကို ကျန်းမာရေးအသိပညာတိုးတက်မြင့်မားစေပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများနှင့် နေထိုင်သွားစေရန်အတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်သည့် ဆေးဝါးကုသမှုများပေးနိုင်ရေးလုပ်ငန်းများကို မိမိတို့နိုင်ငံ၏အရင်းအမြစ်များအပေါ် မူတည်ပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည့်မူဝါဒများ၊ စီမံချက်များရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့ဆေးရုံများအနေဖြင့် အချိန်ပြည့်အရေးပေါ် လူနာများ လက်ခံကုသနိုင်ရေးအတွက် စီမံထားရှိခြင်း၊ လူနာများကိုတတ်နိုင်သမျှ ကုန်ကျစရိတ်မရှိစေဘဲ စိုက်ထုတ်သုံးစွဲရငွေလျှော့နည်းစေရေးတို့အတွက် လိုအပ်သည့်ဆေးဝါးများ၊ ရောဂါရှာဖွေခြင်းနှင့် ကုသပေးခြင်းလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ပြည်သူများနေရာထိုင်ခင်းကောင်းမွန်စွာဖြင့် စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရေးအတွက် ပြည်သူ့ဆေးရုံများကို မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တိုးချဲ့တည်ဆောက်ခြင်းနှင့် အဆင့်မီဆေးကုသမှုများခံယူနိုင်စေရန် ဆေးဝါးများ၊ ခေတ်မီဆေးပစ္စည်းကိရိယာများ စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း နိုင်ငံတော်အနေဖြင့် နှစ်စဉ် ဘတ်ဂျက်များ တိုးမြှင့်လျာထားဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်များအနက်မှ တတိယအချက်ဖြစ်သည့် "နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး"ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူအားလုံးလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## သင်္ကြန်ကာလရုံးပိတ်ရက်တွင် မန္တလေးမြို့ရှိ ကားကွင်းငါးကွင်းအတွင်း ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး ပူးပေါင်းအဖွဲ့ဖြင့် လုပ်ဆောင်မည်


သီရိမန္တလာကားကွင်းကို တွေ့ရစဉ်။

**မန္တလေး မတ် ၁၄**

သင်္ကြန်ကာလရုံးပိတ်ရက်တွင် မန္တလေးမြို့ရှိ ကားကွင်းငါးကွင်းအတွင်း ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး ပူးပေါင်းအဖွဲ့ဖြင့် လုပ်ဆောင်မည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

လာမည့်ဧပြီလတွင် သင်္ကြန်ပွဲတော်ကာလသို့ ရောက်ရှိတော့မည်ဖြစ်သည့်အတွက် ၎င်းပွဲတော်ကာလတွင် ရုံးပိတ်ရက်ရှည်ဖြစ်သောကြောင့် မန္တလေးမြို့မှ နေရပ်ပြန်မည့်ခရီးသွားများအပြင် အခြားမြို့များမှ မန္တလေးမြို့သို့လာရောက်ကြမည့်ခရီးသွား များပြားမည်ဖြစ်ကြောင်း၊ ထိုသို့ ခရီးသွားများပြားလာမည်ဖြစ်သောကြောင့် မန္တလေးမြို့ရှိ ကားကွင်းငါးကွင်းမှ လိုက်ပါစီးနင်းမည့် နေရပ်ပြန်ခရီးသွားများ စိတ်အနှောင့်အယှက်မဖြစ်စေရေးအတွက် သက်ဆိုင်ရာကားကွင်း စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်အပြင် ကားကွင်းများအတွင်း ခရီးသည်တင်ယာဉ်များ တစ်စီးနှင့်တစ်စီး ပိတ်ဆို့ရှုပ်ထွေးမှုများ မရှိစေရေးအတွက်လည်း ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်မတိုင်ခင်နဲ့ သင်္ကြန်ကာလမှာ ကားကွင်းတွေအတွင်းမှာ ခရီးသည်တင်ယာဉ်တွေ အပါအဝင် ခရီးသည်တင် သုံးဘီးယာဉ်တွေနဲ့ ပြည့်နှက်ပြီး ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေဖို့အတွက် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းတွေလုပ်သွားမှာပါ။ အဓိကကတော့ သုံးဘီးယာဉ်တွေ ကားကွင်းအတွင်းမှာ ခရီးသည်အတင်၊ အချပြုလုပ်ပြီး တန်းထွက်ဖို့ပါ။ အချိန်ကြာမြင့်စွာရပ်နေတဲ့ သုံးဘီးယာဉ်တွေကိုလဲ အထူးကြပ်မတ်ထိန်းသိမ်းသွားမှာပါ"ဟု ဦးရဲထွန်းက ပြောပြသည်။

သင်္ကြန်ကာလရုံးပိတ်ရက်တွင် မန္တလေးမြို့ရှိ ချမ်းမြရွှေပြည်ကားကွင်း၊ မဟာအောင်မြေကားကွင်း၊ ပြည်ကြီးမျက်ရှင်ကားကွင်း၊ ဒေါနဘွားကားကွင်းနှင့် သီရိမန္တလာကားကွင်းအတွင်း ခရီးသည်တင်ယာဉ်များနှင့် သုံးဘီးယာဉ်များ ရှုပ်ထွေးကာ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနနှင့် ကားကွင်းများ၏ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ စသည့်ပူးပေါင်းအဖွဲ့များဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့ရှိ ကားကွင်းငါးကွင်းတွင် ယာဉ်အသင်းရေ ၅၀၀ ကျော်နှင့် ယာဉ်အစီးရေ ၁၀၀၀ ကျော်တို့ဖြင့် ခရီးသည်များကို လိုက်ပါပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

(၁၈၄)

## လာမည့်ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကာလတိုသင်တန်း ၄၈ ကြိမ် ဖွင့်လှစ်သွားမည်

**မန္တလေး မတ် ၁၄**

လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကာလတိုသင်တန်း ၄၈ ကြိမ် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့ပေါ်နှင့် ကျေးလက်နေ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို ရည်ရွယ်၍ ကာလတိုအသက်မွေးဝမ်းကျောင်းအထောက်အကူပြုပညာရပ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ၎င်းသင်တန်းများကို ဌာနမှ ကျွမ်းကျင်ပညာရှင်များက တတ်မြောက်သည်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

"လာမဲ့ ဘဏ္ဍာနှစ်မှာတော့ သင်တန်းကို ၄၈ ကြိမ်လျာထားပြီး ဖွင့်လှစ်ပေးသွားမှာပါ။ အခုလိုမျိုးသင်တန်းတွေ သင်ကြားပေးတာကြောင့် မိသားစု အိုးမကွာ အိမ်မကွာနဲ့နေနိုင်ပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းတွေကို ထူထောင်လာနိုင်မှာပါ။ ပြည်သူတွေလဲ အလုပ်အကိုင် အခွင့်အလမ်းတွေရရှိပြီး ထုတ်ကုန်တွေ ထုတ်လုပ်ရောင်းချနိုင်ကာ ဝင်ငွေတွေလဲ တိုးတက်လာမှာပါ။ သင်တန်းတွေကိုတော့ ဌာနကနေပြီးပေးတဲ့ သင်တန်းတွေရှိသလို မိတ်ဖက်ဌာနတွေနဲ့ ဖွင့်လှစ်တာလဲရှိပါတယ်"ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

အဆိုပါ သင်တန်းများမှာ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ လျှပ်စစ်သံဂဟေဆက်သင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း စသည့်သင်တန်းများဖြစ်ကြောင်း သိရသည်။

(၁၈၅)

## မန္တလေး ဈေးကွက်တွင် ပဲစင်းငုံ(နီ)အသစ်များ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ပေါက်ဈေးရှိ

**မန္တလေး မတ် ၁၄**

မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(နီ)အသစ်များ အရောင်းအဝယ်ကောင်းမွန်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် ပဲစင်းငုံ(နီ)များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သာ အဓိကထား တင်ပို့လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပဲစင်းငုံဝယ်ယူမှုများပြားလာသည့်အပြင် ပြည်တွင်း၌လည်း အရောင်းအဝယ်ကောင်းလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ပဲစင်းငုံ(နီ) ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲစင်းငုံ(နီ)ကို အရင်က ပြည်ပဈေးကွက်ကော ပြည်တွင်းဈေးကွက်မှာပါ အရောင်းအဝယ်အေးနေခဲ့တယ်။ အခုလက်ရှိကတော့ အရောင်းအဝယ် ကောင်းနေတာကြောင့် မန္တလေးဈေးကွက်အတွင်းမှာလဲ ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် မတ်လပထမပတ်အတွင်းက ပဲစင်းငုံ(နီ) ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် ပဲစင်းငုံ(နီ) ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"အခုက ပဲစင်းငုံ(နီ) အသစ်တွေလဲ မန္တလေးဈေးကွက်ထဲဝင်လာပြီဆိုတော့ ကုန်သည်တွေ အဝယ်ပြန်လိုက်လာတယ်။ အရောင်းအဝယ်လဲကောင်းလာတာကြောင့် ဈေးကောင်းပြန်ရလာတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပဲခူးမြို့နယ် သုံးအိမ်စုကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပဲခူး မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် သုံးအိမ်စုကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သုံးအိမ်စုကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

သုံးအိမ်စုကျေးရွာ၌ လမ်းအရှည် ပေ ၁၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၀၀ ဖြင့် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်၍ လူနေမှုအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းထံမှ သိရသည်။

**အေးမြတ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ တရားသူကြီးချုပ် ဦးရိုးသိန်း(ငြိမ်း)-ဒေါ်ခင်သောင်းရီ မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၇၀၀၀၀၀ နှင့် ဆီ ၁၀ ပိဿာ လှူဒါန်းရာ ဓမ္မဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုတ်ဦးမြဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၀၃၂ ဧက စိုက်ပျိုးပြီးစီး



**ထီးချိုင့် မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၀၃၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် နွေစပါး ၁၀၆၂၀ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါး ၁၀၀၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မနှစ်ကတော့ နွေစပါးဧက ၁၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်လဲ နွေစပါးဧက ၁၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၀၃၂ ဧက စိုက်ပျိုးပြီးစီးပါပြီ။ နွေစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ အထွက်နှုန်းကောင်းဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်နေပါတယ်။ ဒီနှစ် နွေစပါးဧကလျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မိုးမိုးဝင်းက ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးသည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန် အသိပညာပေးပြီး သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာများ ပြသပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ပဲမျိုးစုံ ၄၀၆၄၁ ဧက၊ ဆီထွက်သီးနှံ ၃၆၃၄၃ ဧက၊ ကြံ ၅၁၁၇၄ ဧက၊ စားဖိုဆောင်သီးနှံ ၁၃၀၆ ဧက၊ အခြားသီးနှံ ၁၂၅၂၈ ဧက စုစုပေါင်း ၁၄၁၃၉၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲမျိုးစုံဧက ၁၀၂၀၀၊ ဆီထွက်သီးနှံ ၁၂၈၈၂ ဧက၊ အခြားသီးနှံ ၄၇၁၅ ဧက စုစုပေါင်း ၂၇၇၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# သံတွဲမြို့နယ် သာယာကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတွဲ မတ် ၁၄**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သာယာကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ သာယာကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျဖြည့်သွင်းထားခြင်းရှိ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

သာယာကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ပဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၄၇၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဖြိုးထက်အောင်(မျော်ဘွယ်)**

# မိုင်းရှူးမြို့နယ် လွိုင်နိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ်ထုတ်ချေး

**မိုင်းရှူး မတ် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွိုင်နိုင်းကျေးရွာနှင့် ပြေဦးကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက လွိုင်နိုင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မိုးလှိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လွိုင်နိုင်းကျေးရွာနှင့် ပြေဦးကျေးရွာတို့ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၁၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ချိုသန်းညွန့်**



# ရန်ကုန်မြို့မှ သမိုင်းဝင် သိမ်ကိုးသိမ်

**မောင်သာ(ရှေးဟောင်းသုတေသန)**



ဒဂုံမြို့နယ်ရှိ ရဟန္တာမဟာသိမ်တော်ကြီးကို တွေ့ရစဉ်။

ရန်ကုန်မြို့ပြအမွေအနှစ်များတွင်ပါရှိသည့် ရှေးဟောင်းအဆောက်အအုံများတွင် ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံတစ်မျိုးဖြစ်သည့် သိမ်များလည်း ပါဝင်သည်။

မြန်မာအဘိဓာန်တွင် သိမ်ကို "ရဟန်းတော်တို့ ကံဆောင်ရာနေရာအပိုင်းအခြား"ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ဗုဒ္ဓသာသနာတော်တွင် သိမ်သည် အလွန်အရေးကြီးသည့်အဆောက်အအုံဖြစ်၍ သာသနာ့ဘောင်သို့ ဝင်လိုသူတိုင်းသည် သိမ်ဝင်ပြီးမှသာ ရဟန်းအဖြစ်သို့ ရောက်ရှိကြမြဖြစ်သည်။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသည့် မြန်မာနိုင်ငံတွင် သိမ်များကို ပုဂံခေတ်ကတည်းကပင် တည်ဆောက်ခဲ့ကြသည်။

**သိမ်**

သိမ်ဟူသည့် မြန်မာဝေါဟာရသည် ပါဠိဝေါဟာရ သီမာမှ ဆင်းသက်လာကာ အပိုင်းအခြားနယ်ပယ်ဟု အဓိပ္ပာယ်ရှိသည်။ သိမ်သည် သံဃာတော်များ အညီအညွတ်စုပေါင်း၍ ကံကြီး၊ ကံငယ်ပြုသည့်နေရာဖြစ်သည်။ ရဟန်းတော်များသာ ပြုလုပ်ဆောင်ရွက်ရသည့် ရဟန်းခံခြင်း၊ ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်း၊ ကထိန်သင်္ကန်းပေးခြင်း စသည်တို့ကို ကံကြီး၊ ကံငယ်ဆောင်သည်ဟု ဆိုသည်။

သိမ်သည် ဗန္ဓသိမ်နှင့် အဗန္ဓသိမ်ဟု နှစ်မျိုးရှိရာ ဗန္ဓသိမ်သည် အနည်းဆုံးသံဃာ ၂၁ ပါး စည်းဝေးထိုင်တော်မူနိုင်သည့် အကျယ်အဝန်းရှိပြီး သိမ်အဖြစ်သမုတ်ထားသည့် နေရာဖြစ်သည်။ အဗန္ဓသိမ်သည် သံဃာက မသမုတ်ရဘဲ အလိုအလျောက်သီးခြားသိမ်ဖြစ်နေသည့်နေရာဖြစ်သည်။ သိမ်အကြောင်းအသေးစိတ်ကို သုတ်မဟာဝါတွင်လေ့လာနိုင်ကြသည်။

ဗုဒ္ဓသာသနာတွင် မရှိမဖြစ်သည့် သိမ်များကို မြန်မာနိုင်ငံတစ်ဝန်းတွင် တွေ့ရှိကြရသည်။ ၎င်းတို့အနက် ရန်ကုန်မြို့တွင် တည်ရှိနေသည့် သမိုင်းဝင် သိမ်ကိုးသိမ်သည် ရဟန္တာသိမ်ကြီး ကိုးသိမ်အဖြစ် ထင်ရှားခဲ့သည်။

**သမိုင်းဝင်သိမ်ကိုးသိမ်**

သာသနာဝင်မှတ်တမ်းများအရ သာသနာတော်နှစ် ၂၃၉ ခုနှစ်တွင် လင်္ကာဒီပကျွန်း(ယခုသီရိလင်္ကာနိုင်ငံ)မှ အရှင်ယသ၊ အရှင်သောဏနှင့် အရှင်သုစိတို့ကြီးမှူးသည့် ရဟန္တာသူမြတ် ရှစ်ပါးသည် မဏိဒီပကျွန်း(ယခုသန်လျင်မြို့)သို့ ကြွချီလာခဲ့ပြီး ရန်ကုန်မြို့နယ်နိမိတ်အတွင်း၌ စေတီ ၁၁ ဆူကို တည်ခဲ့သည်။

ထို့ပြင် ရဟန္တာသူမြတ်များသည် အရှင်ယသမထေရ်သမုတ်ခဲ့သည့် အရှင်မဟာယသသိမ်အပါအဝင် သိမ်ကိုးသိမ်ကို သိမ်သမုတ်တော်မူခဲ့ကြသည်။ ၎င်းသိမ်ကိုးသိမ်သည် ယခုသယ်န်းကျွန်းမြို့နယ်ရှိ အရှင်မဟာယသသိမ်တော်၊ ဗဟန်းမြို့နယ်ရှိ တာမွေထန်းပင်ကုန်းသိမ်တော်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်၊ လမ်းမတော်မြို့နယ်ရှိ သစ်တိုပင်ကုန်းအလုံသိမ်တော်၊ ဒဂုံမြို့နယ်ရှိ ရဟန္တာမဟာသိမ်တော်ကြီးနှင့် ကျားကူးသိမ်တော်၊ ကျောက်တံတား မြို့နယ်ရှိ ခရေပင်ကုန်းသိမ်တော်၊ ကသစ်ပင်ကုန်းမြင်းခင်းသိမ်တော်နှင့် ပန်းဘဲတန်းမြို့နယ်ရှိ မဟာသိမ်တော်ကြီးတို့ဖြစ်သည်။

**အရှင်မဟာယသသိမ်တော်**

အရှင်မဟာယသသိမ်တော်သည် မူလသိမ်သမုတ်ခဲ့သည့် ရဟန္တာသူမြတ် အရှင်ယသကို အစွဲပြုလျက် အရှင်မဟာယသသိမ်တော်ကြီးဟု ထင်ရှားခဲ့သည်။ ၎င်းသိမ်တော်၏ လက်ရှိတည်နေရာသည် သယ်န်းကျွန်းမြို့နယ် ရတနာလမ်းနှင့် လေးထောင့်ကန်လမ်းမကြားရှိ ကျိုက္ကစံစေတီတော်၏ အနောက်တောင်ဘက် စနေထောင့်ရှိ စေတီတော်မှ ပေ ၂၀၀ အကွာဖြစ်သည်။

သိမ်တော်၏ အရှေ့မျက်နှာစာထိပ်တွင် အရှင်မဟာယသရဟန္တာသိမ်တော်ကြီးဟု ကမ္ပည်းထိုးထားသည်။ သိမ်တော်၏အနောက်ဘက် ကိုက် ၅၀၀ ခန့်အကွာ၌ တောင်မြောက်တန်းနေသည့် စေတီသုံးဆူရှိရာ အလယ်စေတီကို ရဟန္တာအရှင်ယသ၏ ဓာတ်တော်များကို ဌာပနာ၍ တည်ထားခဲ့သည်ဟုဆိုကြကာ အရှင်ယသဓာတုစေတီဟု ထင်ရှားသည်။

**တာမွေထန်းပင်ကုန်းသိမ်တော်**

တာမွေထန်းပင်ကုန်းသိမ်တော်သည် ယခုဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ သိမ်ကုန်းကျောင်းတိုက်ဝင်းအတွင်း၌ တည်ရှိသည်။ မူလအမည်သည် မွန်ဘာသာဖြင့် တာ့မှိုက်ဖြစ်၍ တာ့သည် ထန်းပင်၊ မှိုက်သည် တစ်ဟုဆိုလိုသဖြင့် ထန်းတစ်ပင်ဟု အဓိပ္ပာယ်ရှိသည်။ ထန်းပင်များပေါက်နေသည့် ကုန်းပေါ်တွင်တည်ရှိသဖြင့် ထန်းပင်ကုန်းသိမ်ဟု အမည်တွင်ခဲ့သည်ဟုလည်းဆိုသည်။ မွန်အမည်တာ့မှိုက်သည် တာမွေဟု ပြောင်းလဲခဲ့သဖြင့် တာမွေထန်းပင်ကုန်းသိမ်တော်ဟု ထင်ရှားခဲ့သည်။

**ဒေဝသာဂရရဟန္တာသိမ်ဖြူတော်**

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်ရှိ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်သည် ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက်ဝင်းအတွင်းရှိ တောင်ကုန်းထိပ်တွင်တည်ရှိသည်။ မူလကပင် ထုံးဖြူများသုတ်ထားသောကြောင့် ဖြူဖွေးနေသည့် သိမ်တော်အဆောက်အအုံသည် သိမ်ဖြူတော်ကြီးဟု အမည်တွင်ခဲ့သည်။ သိမ်ဖြူတော်၏ အရှေ့ဘက်တွင်ရှိခဲ့သည့် ပုဇွန်တောင်ချောင်း လက်တက်တစ်ခုသည် တစ်ရက်လျှင် ရေကျရေတက် နှစ်ကြိမ်ရှိကာ ရေတက်ချိန်တွင် သိမ်အနီး၌ ရေများဝိုင်းနေသဖြင့် ဒေဝသာဂရ(နတ်သမုဒ္ဒရာ)ဟု ထင်ရှားခဲ့သည်။ သိမ်ဖြူတော်ကြီးသည် ကြီးမားသော အုတ်တိုက်အဆောက်အအုံဖြစ်ကာ သံဃာအပါး ၁၀၀၀ ဆံ့သည်ဟု ဆိုသည်။

သီရိလင်္ကာမှ ကြွချီလာခဲ့ကြသည့် ရဟန္တာရှစ်ပါးသည် ရသေ့၂၄ ဦးကို ထိုသိမ်တွင် ရဟန်းပြုပေးခဲ့သည်။ ၁၇၉၀ ပြည့်နှစ်တွင် ဗန်းမော်ဆရာတော်က သိမ်တော်ကိုပြုပြင်ခဲ့သည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြစ်ပွားခဲ့ချိန်၊ ၁၈၂၄ ခုနှစ်တွင် သိမ်ဖြူတော်ကုန်းမြေ၌ မြန်မာတပ်များတပ်စွဲကာ ခံတပ်တည်ဆောက်ခဲ့ပြီး ခံတပ်ကို သမင်ချိုခံတပ်ဟု အမည်ပေးခဲ့သည်။

**သစ်တိုပင်ကုန်းအလုံသိမ်တော်**

သစ်တိုပင်ကုန်းအလုံသိမ်တော်သည် ရွှေတိဂုံစေတီတော်မှ အနောက်ဘက်သို့ တာ ၁၅၀၀ ကွာဝေးသည့် ဥယျာဉ်အတွင်း၌တည်ရှိသည်။ ကုန်းဘောင်ခေတ်တွင် ထိုဥယျာဉ်အတွင်း၌ သိမ်တော်ကြီးနှင့်အတူ ကျိုက်ဋ္ဌကမော့စေတီတည်ရှိခဲ့သည်။ သိမ်တော်နှင့် စေတီအနီးရှိ ကုန်းမြင့်တစ်ခုပေါ်တွင် ပေါက်နေခဲ့သည့် သစ်တိုပင်ကိုအစွဲပြုလျက် သစ်တိုပင်ကုန်းသိမ်ဟု အမည်တွင်ခဲ့သည်။ နောင်အခါတွင် ဥယျာဉ်တော်အနီး၌ အလုံရပ်ကွက်ပေါ်ပေါက်လာခဲ့သဖြင့် သစ်တိုပင်ကုန်းအလုံသိမ်တော်ဟု ထင်ရှားခဲ့သည်။

**ရဟန္တာမဟာသိမ်တော်ကြီး**

ရဟန္တာမဟာသိမ်တော်ကြီးသည် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်အဆင်းမှ ကိုက် ၁၀၀ အကွာ၊ ယခုရွှေတိဂုံဘုရားလမ်း၏ အနောက်ဘက်ခြမ်းတွင် တည်ရှိသည်။ ရဟန္တာမဟာသိမ်တော်ကြီးကို မဟာသက္ကရာဇ် ၁၀၆ ခုနှစ်တွင် သမုတ်ခဲ့သည်။ ရဟန္တာမဟာသိမ်တော်ကြီးကို မွန်ဘုရင် ဗညားဦး၊ မွန်ဘုရင်မကြီးရှင်စောပု၊ မွန်ဘုရင်ဓမ္မစေတီနှင့် ကုန်းဘောင်ဆက်ဘုရင် သာယာဝတီမင်းတို့က ခေတ်အဆက်ဆက်ပြုပြင်ခဲ့ကြသည်။ ၁၉၂၈ ခုနှစ်တွင် လယ်တီဆရာတော်က ရဟန္တာမဟာသိမ်တော်ကြီးကို ပြုပြင်မွမ်းမံခဲ့သည်။

**ကျားကူးသိမ်တော်**

ကျားကူးသိမ်တော်သည် ရွှေတိဂုံဘုရားလမ်းပေါ်၌ပင်တည်ရှိကာ ကျားကူးကျောင်းတိုက်ဝင်းအတွင်း၌ တည်ရှိသဖြင့် ကျားကူးသိမ်တော်ဟု ထင်ရှားခဲ့သည်။ မူလကျားကူးသိမ်တော်သည် ကျားကူးကျောင်းတိုက်၏ အနောက်ဘက်ရှိ မိုင်ဒါကွင်းအတွင်း၌ရှိခဲ့သည်ဟု ယူဆချက်များရှိခဲ့သည်။ မိုင်ဒါကွင်းဖောက်လုပ်ချိန်တွင် မူလသိမ်တော်ကို ကျားကူးကျောင်းတိုက်အတွင်းသို့ ပြောင်းရွှေ့ခဲ့သည်ဟု ဆိုသည်။

**ခရေပင်ကုန်းသိမ်တော်**

ခရေပင်ကုန်းသိမ်တော်သည် ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၆ လမ်းထောင့်ရှိ မော်လမြိုင်ကျောင်းတိုက်ဝင်း(ယခု ကျောက်တံတားအခြေခံပညာအထက်တန်းကျောင်း)အတွင်း၌ တည်ရှိသည်။ ရှေးအခါက ဆူးလေစေတီတော်၏ အရှေ့မြောက်ဘက်ယွန်းယွန်းတွင်တည်ရှိခဲ့သည့် ကျိုက်ပါစေတီအနီးဝန်းကျင်တွင် ခရေပင်ကျောင်းခေါ် ပန်းတောင်းကျောင်းရှိခဲ့သည်။ ၎င်းစေတီနှင့် မြေတံတားလမ်း(ယခု ၃၇ လမ်း)ကြားတွင် ရှိခဲ့သည့်သိမ်ကို ခရေပင်ကုန်းသိမ်တော်ဟု ခေါ်ဆိုခဲ့ကြရာ ယခုပန်းဆိုးတန်းလမ်းနှင့် ၃၇ လမ်းကြား တစ်နေရာဟု ယူဆရပေသည်။

**ကသစ်ပင်ကုန်းမြင်းခင်းသိမ်တော်**

ကသစ်ပင်ကုန်းမြင်းခင်းသိမ်တော်သည် တစ်ချိန်က ကျောက်တံတားမြို့နယ်အတွင်း၌ တည်ရှိခဲ့ကာ ယခုအခါပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။ မူလ သိမ်တော်သည် ဆူးလေစေတီ၏ အရှေ့မြောက်ဘက် ၁၅ တာအကွာတွင်တည်ရှိခဲ့သည့် ကျိုက်ကမာကမုစေတီ၏ မြောက်ဘက်ကပ်လျက်တွင် တည်ရှိခဲ့သည်။ ရှေးအခါက ကျိုက်ကမာကမုသိမ်တော်ဟုလည်းကောင်း၊ စေတီတော်ကုန်းပေါ်တွင် ပေါက်နေသည့် ကသစ်ပင်ကြီးကိုအစွဲပြုလျက် ကသစ်ပင်ကုန်းသိမ်တော်ဟုလည်းကောင်း ခေါ်ဆိုခဲ့ကြသည်။

ကုန်းဘောင်ခေတ်တွင် ကျိုက်ကမာကမုစေတီအနီး၌ မြင်းခင်းသဘင်များကို ကျင်းပခဲ့သဖြင့် ကသစ်ပင်ကုန်းမြင်းခင်းသိမ်တော်ဟု ထပ်မံအမည်တွင်ခဲ့သည်။ အင်္ဂလိပ်အစိုးရလက်ထက်၌ ရန်ကုန်မြို့ကို မြို့ကွက်အသစ်များဖော်ခဲ့ချိန်တွင် စေတီတော်နှင့် သိမ်တော်တို့ ပျောက်ကွယ်သွားခဲ့သည်။

**ပန်းဘဲတန်းမဟာသိမ်တော်ကြီး**

သမိုင်းဝင် သိမ်ကိုးသိမ်အနက် ရန်ကုန်မြို့လယ်၊ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းပေါ်တွင် တည်ရှိနေသည့် သိမ်တော်သည် မဟာသိမ်တော်ကြီးအမည်ဖြင့်ထင်ရှားခဲ့သည်။ မဟာသိမ်တော်ကြီး၏ အမည်မှန်သည် ကျိုက်မြတ်သံချိုရဟန္တာသိမ်တော်ဖြစ်သည်။ ရှေးအခါက သိမ်တော်ကြီးအနီး ယခု သိမ်ကြီးဈေးစီရုံနေရာတွင် ကျိုက်မြတ်သံချိုစေတီရှိခဲ့သည်။ ၎င်းစေတီသည် ကျိုက်မဲသံကရော၊ ကျိုက်မဲသံချိုဟုလည်းဘွဲ့မည်ရှိခဲ့ကာ ၁၈၅၂ ခုနှစ်တွင် ရန်ကုန်မြို့ကို မြို့ကွက်များရိုက်ချိန်၌ ကွယ်ပျောက်သွားခဲ့သည်။ ရန်ကုန်မြို့သစ်တည်ပြီးချိန်တွင် ကျန်ရှိနေခဲ့သည့် မဟာသိမ်တော်ကြီးကို ဆရာတော်အရှင် သီရိပညာသာရနှင့် အရှင်ပါရမီဝံသတို့၏ မေတ္တာရပ်ခံချက်အရ ၁၈၅၄ ခုနှစ် မတ် ၁ ရက်တွင် ရန်ကုန်အရေးပိုင်အက်စ်ဒီစပတ်စ်လက်မှတ်ဖြင့် သာသနာ့မြေအခွန်လွတ်ဂရန်ကို ထုတ်ပေးခဲ့ရာ အလျား ပေ ၁၆၀၊ အနံ ၁၁၅ ပေကျယ်ဝန်းသည့် မြေကွက်ဖြစ်သည်။ ၁၉၁၅ ခုနှစ်တွင် ရန်ကုန်မြို့ ကုန်ဈေးတန်းနေ ကျောင်းဒါယကာ ဦးဖမောင်နှင့် ကျောင်းဒါယိကာမ ဒေါ်ဒေါ်မြစ်တို့က မဟာသိမ်တော်ကြီးကို ပြန်လည်တည်ဆောက်လှူဒါန်းခဲ့သည်။

ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့သည့် ဗုဒ္ဓသာသနိကအဆောက်အအုံများဖြစ်သည့် သမိုင်းဝင် သိမ်ကိုးသိမ်သည် ရန်ကုန်မြို့ပြအမွေအနှစ်များအဖြစ် ထင်ရှားလျက်ရှိပေသည်။

**ကိုးကား**


- မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၃)
- မဟာရန်ကုန်မြို့ရှိ သမိုင်းဝင်စေတီ ၁၁ ဆူနှင့် ရဟန္တာသိမ်တော်ကြီး ကိုးသိမ်(မြတ်ရျာန်)
- မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် သမိုင်းမှတ်တမ်း(ဘဒ္ဒန္တကုမာရ)
- ဒဂုံမြို့မှသည် ရန်ကုန်မြို့တော်သို့(ဟိန်းလတ်)

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ငြိမ်းချမ်းပါစေ တို့ဌာနေ

- ဘေးဘယာ ရှောင်ကာဝေးလို့
ငြိမ်းချမ်းစေကြောင်း တောင်းဆုခြွေ၊
အမုန်းဖယ်ခွာ စေတနာရင်းနဲ့
ရိုင်းပင်းကြစေ၊
ပွင့်သောပန်းတိုင်း သင်းပျံ့ဝေ
ကပ်ကျော်စေ ရန်စွယ်ကင်း၊
သွေးချင်းတွေ လက်ကိုတွဲမယ်
မြဲသောစိတ်ရင်း။

- တူညီညာ သွေးချင်းများတို့
ကူညီရင်း ရှေ့ဆက်မယ်၊
ဖေးမကာ အပြုသဘောနဲ့
လောကအလယ်၊
အများကောင်းကျိုး ထမ်းရွက်သယ်
ရပ်ရွာနယ် တစ်ပြည်လုံး၊
အေးချမ်းစွာ ယှက်ဖြာကူးလို့
ကြည်နူးမဆုံး။

- မေတ္တာပန်းတွေ သီကာကုံး
အပြုံးပန်းတို့ ပွင့်ဝေဆာ၊
ကိုယ့်တာဝန် ကိုယ်ယူကြကာဖြင့်
အေးမြစေမှာ၊
လောကခရီး ဖြောင့်တန်းစွာ
စေတနာ ရင်ဝယ်ထား၊
ရန်ငြိုးတွေ ဖယ်ကာသိမ်းလို့
ငြိမ်းချမ်းစေသား။ ။

သာလွန်(နတ်မောက်)

## ရေဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ပြောင်းဖူး ပိဿာချိန် ၃၀ ဝင်အိတ်ရေ ၃၅၀၀၀ တင်ပို့ရောင်းချခဲ့ရ

**ပုသိမ် မတ် ၁၄**

ရေဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ပြောင်းဖူး ပိဿာချိန် ၃၀ ဝင်အိတ်ရေ ၃၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပုသိမ်မြို့ရှိ မြင့်ရောလယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးမြင့်ဆွေက ပြောပြ၍ သိရသည်။

ရေဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့် လယ်ယာထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဇန်နဝါရီလက ပြောင်းဖူး ပိဿာချိန် ၃၀ ဝင်အိတ်ရေ ၁၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလက ပြောင်းဖူး ပိဿာချိန် ၃၀ ဝင်အိတ်ရေ ၃၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါပြောင်းဖူးများ ဝယ်ယူမှု ကောင်းလာခြင်းသည် ပြောင်းများကို ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချလာသည့်အတွက်ဖြစ်ကြောင်း သိရသည်။

"ပြောင်းတွေ လှိုင်လှိုင်ပေါ်လာတာနဲ့အမျှ ရန်ကုန်ဘက်ကလဲ ပြောင်းအဝယ်လိုက်နေပါတယ်။ အဝယ်လိုက်တာကလဲ ရန်ကုန်ကနေ ပြည်ပဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချနေတာကြောင့်ပါ။ လက်ရှိဒေသထွက် ပြောင်းဖူးတွေကလဲ ပုသိမ်ပွဲရုံတွေဆီ အများအပြားနဲ့ ဝင်ရောက်နေပါတယ်။ ဈေးကလဲ အရင်ထက်ကောင်းလာပါတယ်။ အရောင်းအဝယ်ကောင်း၊ ဈေးကလဲကောင်းလာတော့ စိုက်ပျိုးရေးလုပ်ငန်းရှင်တွေအပြင် ကုန်သည်တွေ၊ လုပ်သားတွေပါ အဆင်ပြေလာပါတယ်"ဟု မြင့်ရောလယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးမြင့်ဆွေက ပြောပြသည်။

ပုသိမ်မြို့ပွဲရုံများသို့ ယခုအခါ ကျိုက်လတ်၊ ဟင်္သာတ၊ ကျောင်းကုန်း၊ ပန်းတနော်၊ ဇလွန်၊ ချောင်းသာ စသည်မြို့နယ်များမှ ပြောင်းဖူးများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



## ချောက်မြို့နယ် အိုင့်ကြီးကျေးရွာ၌ ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းနေမှု စစ်ဆေး

**ချောက် မတ် ၁၄**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောက်မြို့နယ် ထိန်စမ်းကျေးရွာအုပ်စု အိုင့်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းနေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် အိုင့်ကြီးကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းအရှည် ၉၂၉၉ ပေ သွယ်တန်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များကို လုပ်ငန်းများအားလုံး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ချောက်မြို့နယ် ထိန်စမ်းကျေးရွာအုပ်စု အိုင့်ကြီးကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ အဆိုပါစီမံကိန်းအတိုးရငွေမှ ငွေကျပ် ၈ ဒသမ ၇၈၈၅ သန်းဖြင့် ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်းအရှည် ၉၂၉၉ ပေသွယ်တန်းခြင်းကို ဖေဖော်ဝါရီလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၉၉ အိမ်၊ လူ ၉၄၅ ဦးအတွက် လျှပ်စစ်ဓာတ်အားရရှိပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ကြောင်း ချောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အဲထွေး**

## ဟိုပုန်းမြို့နယ် နောင်ဒေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုန်း မတ် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ဒေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က နောင်ဒေးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ကြည်နှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၄ သိန်းကို လွှဲပြောင်းပေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နောင်ဒေးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၅၄ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# နိုင်ငံတကာ သတင်းများ

## သမ္မတ ရှီကျင့်ဖျင်နှင့် မကြာမီဆွေးနွေးမည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ပြောကြား

**ဝါရှင်တန် မတ် ၁၄**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မကြာမီကာလအတွင်း ဆွေးနွေးနိုင်ရန် မိမိမျှော်လင့်ထားကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က မတ် ၁၃ ရက်တွင် ပြောကြားခဲ့သည်။

အင်ဒို-ပစိဖိတ်ဒေသ၌ တရုတ်နိုင်ငံ ဩဇာကြီးမားလာမှုကို တုံ့ပြန်ရေးအတွက် ဗြိတိန်၊ ဩစတြေးလျခေါင်းဆောင်များနှင့်အတူ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများတည်ဆောက်ရေး သဘောတူညီချက် အသေးစိတ်အချက်အလက်များကို ကြေညာပြီးနောက် အမေရိကန်သမ္မတက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နျူကလီးယား စွမ်းအင်သုံး ရေငုပ်သင်္ဘောများဆိုင်ရာ သဘောတူညီချက်ကို ကြေညာပြီးနောက် တရုတ်သမ္မတရှီကျင့်ဖျင်နှင့်ဆွေးနွေးရန် အစီအစဉ် ရှိ၊ မရှိ သတင်းထောက်များက မေးမြန်းခဲ့ရာ သမ္မတရှီကျင့်ဖျင်နှင့်မကြာမီကာလအတွင်း ဆွေးနွေးမည်ဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

သို့သော် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မည်သည့်အချိန်၌ ဆွေးနွေးမည်ကို သမ္မတ ဂျိုးဘိုင်ဒင်က ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိကြောင်း သိရသည်။

တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်ညီလာခံပြီးဆုံးချိန်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးရန် သမ္မတ ဂျိုးဘိုင်ဒင်က မျှော်လင့်ထားကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ခ်ဆူလီဗန်က ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ပြောကြားထားသည်။

ဩစတြေးလျ နိုင်ငံအတွက် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများအား ဗြိတိန်နှင့် အမေရိကန်တို့က ပြည့်ဆည်းပေးမည့်အစီအစဉ်ကို တရုတ်နိုင်ငံက ဝေဖန်ကန့်ကွက်ထားပြီးဖြစ်ကြောင်း သိရသည်။

KKO

## အမျိုးသားဆင်သတ္တဝါများနေ့ကို ထိုင်းနိုင်ငံ၌ ကျင်းပ

**ဗန်ကောက် မတ် ၁၄**

ထိုင်းနိုင်ငံသည် မတ် ၁၃ ရက်တွင် အမျိုးသားဆင်သတ္တဝါများနေ့ကို ကျင်းပခဲ့ပြီး ဆင်များအား သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ကျွေးမွေးဂုဏ်ပြုခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဆင်သတ္တဝါများကို ကာကွယ်ထိန်းသိမ်းရေး ရည်မှန်းချက်ဖြင့် မတ် ၁၃ ရက်ကို အမျိုးသားဆင်သတ္တဝါများနေ့အဖြစ် ထိုင်းနိုင်ငံက ၁၉၉၈ ခုနှစ်ကပင် ကြေညာထားပြီးဖြစ်သည်။

အစဉ်အလာအရ ထိုင်းနိုင်ငံသည် ဆင်များကို လုပ်ငန်းခွင်သုံးတိရစ္ဆာန်များ၊ စစ်ပွဲသုံးတိရစ္ဆာန်များဖြင့် အသုံးပြုခဲ့ကြသော်လည်း ယနေ့ခေတ်တွင် ထိုင်းဆင်များ ရှင်သန်ရပ်တည်ရေးမှာ ခြိမ်းခြောက်ခံနေရပြီဖြစ်သည်။

ဆင်များသည် ထိုင်းနိုင်ငံ၏ အမျိုးသားဂုဏ်သိက္ခာ အရင်းအမြစ်ဖြစ်ပြီး ထိုင်းယဉ်ကျေးမှုနှင့် သမိုင်းစရိုက်လက္ခဏာတို့၏အစိတ်အပိုင်း တစ်ရပ်လည်းဖြစ်ကြောင်း ချွန်ဘူရီပြည်နယ် နောင်နော့ချ်အပူပိုင်း ကြိုးဝိုင်းသစ်တောဥယျာဉ် ကမ်ပွန်တန်ဆာချာက ပြောကြားခဲ့သည်။

ယခုနှစ်၏ အမျိုးသားဆင်သတ္တဝါများနေ့ အခမ်းအနားများကို အဆိုပါ ကြိုးဝိုင်းသစ်တောအတွင်းတွင်လည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မိမိတို့အနေဖြင့် ဆင်ယဉ်များကို ကျွေးမွေးစောင့်ရှောက်ရန် ကြိုးစားနေရကြောင်း၊ ယင်းဆင်များအားလုံးကို တောရိုင်းအတွင်းသို့ ပြန်လွှတ်ပေးခဲ့ပါက အသက်ရှင်နိုင်လိမ့်မည်မဟုတ်ဟု ကမ်ပွန်တန်ဆာချာက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## ယူကရိန်းဆိုင်ရာရည်မှန်းချက်များကို စစ်ရေးဖြင့်သာ ရယူနိုင်မည်ဟု ရုရှားပြောကြား



**မော်စကို မတ် ၁၄**

ယူကရိန်းအစိုးရ၏ ရပ်တည်ချက်သဘောထားကြောင့် ရုရှားနိုင်ငံအနေဖြင့် မိမိ၏ ယူကရိန်းဆိုင်ရာ ရည်မှန်းချက်များကို စစ်အင်အားဖြင့်သာ ရယူနိုင်မည်ဟု ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ယူကရိန်းအရှေ့ပိုင်း ဘက်ခ်မွတ်မြို့၌ တိုက်ပွဲများ ပြင်းထန်နေချိန်တွင် ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မိမိတို့အနေဖြင့် ယူကရိန်းဆိုင်ရာရည်မှန်းချက်များကို ရယူနိုင်ရမည်ဖြစ်ကြောင်း၊ သို့သော် ယူကရိန်းအစိုးရ၏ လက်ရှိသဘောထားကြောင့် အဆိုပါရည်မှန်းချက်များကို စစ်ရေးနည်းလမ်းဖြင့်သာ ရယူနိုင်တော့မည် ဖြစ်ကြောင်း ဒီမီထရီပက်စကော့ဗ်က ပြောကြားခဲ့သည်။

ယူကရိန်းအရှေ့ပိုင်းမှ ရုရှားစကားပြောပြည်သူများ ယူကရိန်းအစိုးရ၏ ဖိနှိပ်မှုအောက်မှလွတ်မြောက်ရေးအတွက် ယူကရိန်းနိုင်ငံကို စစ်ရေးအရ တိုက်ခိုက်ရခြင်းဖြစ်ကြောင်း ရုရှားအစိုးရက ကြေညာထားသည်။

သို့သော် ရုရှားနိုင်ငံ၏ အဆိုပါကြေညာချက်ကို ယူကရိန်းနယ်မြေများအား သိမ်းယူမည့်အစီအစဉ်အတွက် ဆင်ခြေပေးမှုအဖြစ် အနောက်အုပ်စုနိုင်ငံများနှင့်ယူကရိန်းတို့က စွပ်စွဲထားသည်။

ထို့ပြင် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများ ပျက်ပြားခဲ့မှုအတွက် ယူကရိန်းတွင် တာဝန်ရှိသည်ဟု ရုရှားအစိုးရက ပြောကြားထားကြောင်း သိရသည်။

KKO

## အငြိမ်းစားယူနိုင်မည့်အသက်အရွယ်ကိုတစ်ဆင့်ချင်းမြှင့်တင်ရန် တရုတ်စီစဉ်ထား

**ပေကျင်း မတ် ၁၄**

အလုပ်မှ အငြိမ်းစားယူနိုင်မည့် အသက်အရွယ် သတ်မှတ်ချက်ကို တစ်ဆင့်ချင်းမြှင့်တင်ရန်နှင့် သက်ကြီးလူဦးရေ လျင်မြန်စွာမြင့်တက်လာမှု ပြဿနာကို အဆင့်ဆင့်ကိုင်တွယ်ရန် တရုတ်နိုင်ငံက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ အနေဖြင့် အငြိမ်းစားယူနိုင်မည့် အသက်အရွယ်သတ်မှတ်ချက်ကို မြှင့်တင်ရေးအတွက် ပြောင်းလွယ်ပြင်လွယ်ရှိသော လမ်းစဉ်သစ်ကို ရှာဖွေနေကြောင်း တရုတ်အစိုးရအလုပ်သမားနှင့် လူမှုလုံခြုံရေးသိပ္ပံအကယ်ဒမီမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တရုတ်တာဝန်ရှိသူများ၏ အစီအစဉ်အစပထမတွင် အငြိမ်းစားအသက်အရွယ်နီးလာသူများအနေဖြင့် လအနည်းငယ်မျှသာ အငြိမ်းစားယူမည့်အစီအစဉ်ကို ဆိုင်းငံ့ပေးထားရမည်ဖြစ်သည်ဟု တရုတ်အစိုးရအဘော်ဂလိုဘယ်လ်တိုင်းမ်သတင်းစာက ဖော်ပြထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လက်ရှိအချိန်တွင် အငြိမ်းစားယူနိုင်မည့် အသက်အရွယ် သတ်မှတ်ချက်ပြောင်းလဲမှုကို တရားဝင်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံ၏ အလုပ်သမားဥပဒေများအရ အမျိုးသားများအနေဖြင့် အသက် ၆၀ အရွယ်တွင် အငြိမ်းစားယူနိုင်ပြီး အမျိုးသမီးများဖြစ်ပါက ဉာဏလုပ်သားများဆိုလျှင် ၅၅ နှစ်နှင့် စက်ရုံအလုပ်သမားများဆိုလျှင် အသက် ၅၀ တွင် အငြိမ်းစားယူနိုင်သည်။

တရုတ် အလုပ်သမားများ အငြိမ်းစားယူနိုင်မည့်အရွယ်သည် ကမ္ဘာပေါ်၌ အနိမ့်ဆုံးအငြိမ်းစားအသက်အရွယ်များထဲတွင် ပါဝင်ကြောင်း သိရသည်။

KKO

## ဆော်ဒီလေကြောင်းလိုင်းနှစ်ခုသို့ ဘိုးအင်း-၇၈၇ ဒရမ်းလိုင်နာအမျိုးအစား ခရီးသည်တင်လေယာဉ် ၈၀ ခန့် ရောင်းချရန် ဘိုးအင်းကုမ္ပဏီမျှော်လင့်

**နယူးယောက် မတ် ၁၄**

ဆော်ဒီအာရေဗျလေကြောင်းလိုင်းနှစ်ခုသို့ ဘိုးအင်း-၇၈၇ ဒရမ်းလိုင်နာအမျိုးအစားခရီးသည်တင်လေယာဉ် အစင်း ၈၀ ခန့်ထိ ရောင်းချနိုင်ရန် အမေရိကန်လေကြောင်း စက်မှုကုမ္ပဏီကြီးတစ်ခုဖြစ်သော ဘိုးအင်းကုမ္ပဏီက မျှော်လင့်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဆော်ဒီအာရေဗျ လေကြောင်းလိုင်းနှစ်ခုသို့ လေယာဉ်များရောင်းချရေး အစီအစဉ်ကို ဘိုးအင်းကုမ္ပဏီက ယနေ့တွင် အတည်ပြုကြေညာဖွယ်ရှိသည်။



သတင်းအရင်းအမြစ်များ၏ အဆိုအရ ဘိုးအင်းကုမ္ပဏီသည် ဆော်ဒီလေကြောင်းလိုင်းနှစ်ခုသို့ ဘိုးအင်း-၇၈၇ ဒရမ်းလိုင်နာလေယာဉ် ၇၈ စင်းထိ ရောင်းချရန်ရှိပြီး ယင်းလေယာဉ်များ၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇ ဘီလီယံခန့်ထိ ရှိကြောင်း သိရသည်။

ယင်းလေယာဉ်များကို ဆော်ဒီအစိုးရပိုင် ဆော်ဒီအာရေးဘီးယန်းလေကြောင်းလိုင်းနှင့် ရီယာ့ဒ်အဲအမည်ရှိ လေကြောင်းလိုင်းသစ်တစ်ခုက ဝယ်ယူမည်ဖြစ်သည်။

ရီယာ့ဒ်အဲ လေကြောင်းလိုင်းတည်ထောင်မှုကို ဆော်ဒီအာရေဗျအိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန်က မတ် ၁၂ ရက်တွင် ကြေညာထားပြီးဖြစ်သည်။

အဆိုပါ လေကြောင်းလိုင်းသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာတစ်ဝန်းရှိ နေရာပေါင်း ၁၀၀ ကျော်ခန့်ထိ လေယာဉ်ခရီးစဉ်များ ပျံသန်းပြေးဆွဲရန် ရည်မှန်းထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာက နိုင်ငံတကာအာကာသစခန်းယာဉ် မစ်ရှင်သက်တမ်းကုန်ဆုံးချိန်တွင် ပတ်လမ်းပေါ်မှဆွဲထုတ်ပေးမည့် အာကာသတွဲယာဉ်တစ်စင်းတည်ဆောက်ရန် ရည်ရွယ်ထား



**ဝါရှင်တန် မတ် ၁၄**

မစ်ရှင်သက်တမ်းကုန်ဆုံးချိန်တွင် နိုင်ငံတကာအာကာသစခန်းယာဉ်ကို ပတ်လမ်းပေါ်မှဆွဲထုတ်၍ ကမ္ဘာ့လေထုလွှာအတွင်း ထိန်းကျောင်းပို့ဆောင်ပေးမည့် အာကာသတွဲယာဉ်တစ်စင်းကို တည်ဆောက်ရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ရည်ရွယ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၁၃ ရက်က ရေးသားတင်ပြထားသည်။

အိမ်ဖြူတော်က ထုတ်ပြန်ထားသည့် ၂၀၂၄ ခုနှစ် ဖက်ဒရယ်အသုံးစရိတ် လျာထားချက်များအရ နာဆာအဖွဲ့သည် အာကာသတွဲယာဉ် တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၁၈၀ အပါအဝင် အသုံးစရိတ် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၂ ဘီလီယံထိရရှိထားကြောင်း သိရသည်။

အဆိုပါ အာကာသတွဲယာဉ်သည် မစ်ရှင်သက်တမ်းကုန်ဆုံးချိန်တွင် နိုင်ငံတကာအာကာသစခန်းယာဉ်ကို ပတ်လမ်းမှဆွဲထုတ်၍ သမုဒ္ဒရာရေပြင်ဒေသ၌ လေထုလွှာအတွင်း ဝင်ရောက်နိုင်ရန် ထိန်းကျောင်းပေးမည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်၏ မစ်ရှင်သက်တမ်းသည် ၂၀၃၀ ပြည့်နှစ်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း၊ လက်ရှိအစီအစဉ်အရ နိုင်ငံတကာ အာကာသစခန်းယာဉ် မစ်ရှင် သက်တမ်းကုန်ဆုံးချိန်တွင် ပတ်လမ်းပေါ်မှဆွဲထုတ်ရေးအတွက် ရုရှားနိုင်ငံ၏ ပရိုဂရက်စ်အာကာသကုန်တင်ယာဉ်ကို အသုံးပြုရန်စီစဉ်ထားကြောင်း သိရသည်။ KKO

# HEALTH

## ကာကွယ်ဆေးထိုးပြီး တစ်ညအိပ်ချိန်ခြောက်နာရီအောက်ရှိပါက ဆေး၏ပဋိပစ္စည်းထုတ်ပေးနိုင်စွမ်း ကျဆင်းနိုင်

**နယူးယောက် မတ် ၁၄**

ကာကွယ်ဆေးများထိုးနှံပြီးချိန်၌ တစ်ညလျှင်အိပ်စက်ချိန် ခြောက်နာရီအောက်သာရှိမှုသည်ကာကွယ်ဆေးများ၏ ပဋိပစ္စည်းထုတ်ပေးနိုင်စွမ်းကျဆင်းမှုနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ UPI သတင်းဌာနက မတ် ၁၃ ရက်က ရေးသားတင်ပြထားသည်။

အိပ်စက်ချိန်ကာလ အတိုင်းအဆသည် ပဋိပစ္စည်းတုံ့ပြန်မှုများအား ကာကွယ်ဆေးများက ထိထိရောက်ရောက် ဖန်တီးပေးရာတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်နေကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အိပ်ချိန်နည်းပါးသူများ၌ ပဋိပစ္စည်းတုံ့ပြန်မှု အားနည်းလာမှုသည် ကိုဗစ်ကာကွယ်ဆေးများ ထိုးနှံပြီးနောက် နှစ်လအတွင်း ကိုရိုနာဗိုင်းရပ်စ်ဆန့်ကျင်ရေး ပဋိပစ္စည်းများ ကျဆင်းလာမှုနှင့်တူညီကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အရွယ်ရောက်သူ တစ်ဦးအနေဖြင့် တစ်ရက်လျှင် ခုနစ်နာရီနှင့် ကိုးနာရီကြား အိပ်စက်သင့်သည်ဟု ဆေးပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

သို့ရာတွင် ကာကွယ်ဆေးများ၏ တုံ့ပြန်မှုမြှင့်တင်ရေးအတွက် အိပ်စက်ချိန် မည်မျှရှိသင့်သည်ကို ဆုံးဖြတ်နိုင်ရန် လေ့လာမှုများကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရန်လိုအပ်ဆဲဖြစ်ကြောင်း၊ သို့ရာတွင် မိမိတို့၏ လေ့လာတွေ့ရှိချက်သည် ကာကွယ်ဆေးများ၏တုံ့ပြန်မှုကိုမြှင့်တင်ရေးအတွက် လိုအပ်သည့်ဘဝနေထိုင်မှုပုံစံများကို ဖော်ထုတ်ရာ၌ အထောက်အကူ ပေးနိုင်သည်ဟု သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။ KKO

## Space-X ကုမ္ပဏီက CRS-27 မစ်ရှင်ဖြင့် ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ရန် စီစဉ်

**ဝါရှင်တန် မတ် ၁၄**

ရာသီဥတုအခြေအနေကောင်းမွန်မည်ဆိုပါက CRS-27အမည်ရှိ မစ်ရှင်ဖြင့် ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ မတ် ၁၅ ရက်တွင် လွှတ်တင်ရန် Space-X အာကာသနည်းပညာကုမ္ပဏီက စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၁၃ ရက်က ရေးသားတင်ပြထားသည်။

လွှတ်တင်ရေးအစီအစဉ်အသင့်အနေအထားရှိမှု ပြန်လည်သုံးသပ်ချက်များအရ CRS-27 မစ်ရှင်ကို မတ် ၁၅ ရက်တွင် လွှတ်တင်၍ ရနိုင်ကြောင်း Space-X အာကာသနည်းပညာကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် Space-X ကုမ္ပဏီတို့သည် CRS-27 မစ်ရှင်၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းရှိ အာကာသယာဉ်မှူးများအတွက် အထောက်အပံ့ပစ္စည်းနှင့် သိပ္ပံပညာ စမ်းသပ်ရေးပစ္စည်း စုစုပေါင်း ၂၈၆၀ ကီလိုဂရမ် သယ်ဆောင်ထားကြောင်း သိရသည်။



မတ် ၁၅ ရက်တွင် လွှတ်တင်ဖြစ်ခဲ့ပါက ဒရာဂွန်အာကာသ ကုန်တင်ယာဉ်သည် မတ် ၁၆ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

CRS-27 မစ်ရှင်သည် နာဆာနှင့်ရယူထားသည့် သဘောတူညီချက်အရ Space-X ကုမ္ပဏီက လွှတ်တင်ပေးမည့် ၂၇ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပံ့မစ်ရှင် ဖြစ်ကြောင်း သိရသည်။

KKO

## ပုံစံ-၂ ဆီးချိုရောဂါကု ထိုးဆေးတစ်မျိုးက IIHခေါင်းကိုက်ရောဂါအတွက် ကုထုံးဖြစ်လာနိုင်

**လန်ဒန် မတ် ၁၄**

ပုံစံ-၂ ဆီးချိုရောဂါကို ကုသသည့် ဆေးတစ်မျိုးသည် ဦးနှောက်တွင်း ဖိအားကိုလျှော့ချပေးနိုင်သည်ဖြစ်ရာ Idiopathic Intercranial Hypertension (IIH) ခေါ် ခေါင်းကိုက်ရောဂါလူနာများအတွက် ပထမဆုံးကုထုံးဖြစ်လာနိုင်ကြောင်းHealth Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မတ် ၁၃ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်နိုင်ငံ ဘာမင်ဂမ်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လက်တွေ့စမ်းသပ်မှုရလဒ်များအရ Exenatide အမည်ရှိ ပုံစံ-၂ ဆီးချိုရောဂါထိုးဆေးသည် ခေါင်းကိုက်ရောဂါလူနာများ ခေါင်းကိုက်ဝေဒနာခံစားရမှုကြိမ်ရေကို သိသိသာသာ လျှော့ချပေးနိုင်ခဲ့ကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် အမြင်အာရုံ ယာယီကွယ်ပျောက်သွားလောက်အောင် ဆိုးရွားသည့် IIH ခေါင်းကိုက်ဝေဒနာတစ်မျိုးခံစားနေရ သောလူနာများကို Exenatide ထိုးဆေးဖြင့် စမ်းသပ် ကုသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လက်တွေ့စမ်းသပ်မှုမှ ထွက်ပေါ်လာသောရလဒ်များအရ Exenatide ထိုးဆေးသည် IIH လူနာများ၏ ဦးနှောက်ဝန်းကျင်ဖိအားများကို လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

IIH ခေါင်းကိုက်ရောဂါသည် ဦးနှောက်ဝန်းကျင် ဖိအားမြင့်တက်မှုကြောင့် ဖြစ်ပွားတတ်သောရှားပါးခေါင်းကိုက်ရောဂါ တစ်မျိုးဖြစ်ကြောင်း၊ ကိုယ်အလေးချိန် ပုံမှန်ထက် လွန်ကဲလာမှုသည် IIH ရောဂါ၏ အဓိကနောက်ခံအကြောင်းတရားတစ်ရပ်ဖြစ်ကြောင်း သိရသည်။

KKO




## ကမ္ဘာဦးရေနေတွားသွားသတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို အာတိတ်သမုဒ္ဒရာဒေသ စပစ်ဘာဂျင်ကျွန်းပေါ်၌ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**တော့ဟုမ်း မတ် ၁၄**

ဒိုင်နိုဆောများခေတ်တွင် ရှင်သန်ခဲ့ကြသော Ichthyosaur ခေါ် ကမ္ဘာဦး ရေနေတွားသွားသတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို စပစ်ဘာဂျင်အမည်ရှိ အာတိတ်သမုဒ္ဒရာဒေသ ကျွန်းတစ်ကျွန်းပေါ်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က မတ် ၁၃ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ Ichthyosaur ကမ္ဘာဦးရေနေတွားသွားသတ္တဝါကျောက်ဖြစ်ရုပ်ကြွင်းကို ဆွီဒင်နှင့်နော်ဝေ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

Ichthyosaur များသည် ပင်လယ်ရေပြင်အတွင်း အသက်ရှင်နိုင်စွမ်းရှိကြသည့် ပထမဆုံးကုန်းနေသတ္တဝါများထဲတွင် အပါအဝင်ဖြစ်ကြောင်း သိရသည်။

Ichthyosaur များသည် ကုန်းမြေကို ဒိုင်နိုဆောများစိုးမိုးထားချိန်တွင် သမုဒ္ဒရာဒေသ အစာကွင်းဆက်၏ ထိပ်ဆုံး၌ရှိခဲ့သော ကမ္ဘာဦးသက်ရှိများဖြစ်ကြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၅၂ သန်းခန့်က ကုန်းနေသတ္တဝါများသည် ပင်လယ်ရေတိမ်ဒေသများသို့ ကျူးကျော်ခဲ့ကြပြီးနောက်ပိုင်းတွင် ရေပြင်အတွင်း နေထိုင်ကျက်စားနိုင်သော ရေနေသတ္တဝါများအဖြစ် ဆင့်ကဲပြောင်းလဲလာကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

စပစ်ဘာဂျင်ကျွန်း၌ တွေ့ရှိခဲ့ရသည့် Ichthyosaur ကျောက်ဖြစ်ရုပ်ကြွင်းများသည် အထက်ပါအယူအဆကို ထောက်ခံနေကြောင်း ဆွီဒင်နှင့် နော်ဝေ သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

## နိုင်ငံတကာ အားကစားသတင်းများ

# လာမည့်နွေရာသီတွင် အဓိကကစားသမားများ ရောင်းချရန် ချဲလ်ဆီးအသင်းစီစဉ်

**လန်ဒန် မတ် ၁၄**

ချဲလ်ဆီးအသင်းသည် ကစားသမားဝယ်ယူရောင်းချမှုတွင် စတာလင်ပေါင် ၂၆၄သန်းထိ ဘဏ္ဍာရေးလိုအပ်ချက် ရှိနေသောကြောင့် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့တွင် အသင်းမှ အဓိက ကစားသမားများကို ရောင်းချသွားရန် စီစဉ်ထားကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်း အနေဖြင့် အသင်းပိုင်ရှင်တော့ဘိုလီ လက်ထက် ယခုနှစ်ဘောလုံးရာသီ အပြောင်းအရွှေ့ကာလများတွင် ငွေကြေးများစွာသုံးစွဲခဲ့ကာ ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလကလည်း အန်ဇိုဖာနန်ဒက်စ်၊ မက်ဒရိုင်းခ်တို့ကို စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူကာ အပြောင်းအရွှေ့ကာလနှစ်ခုအတွင်း စတာလင်ပေါင် သန်း ၆၀၀ နီးပါး အသုံးပြုခဲ့သောကြောင့် ယူအီးအက်ဖ်အေ၏ ဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီမှုရှိစေရန်အတွက် အဓိက ကစားသမားများကို ပြန်လည်ရောင်းချသွားရန် စီစဉ်နေရကြောင်း သိရသည်။

လက်ရှိတွင် ချဲလ်ဆီးအသင်းသည် ဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီမှုရှိရန်အတွက် စတာလင်ပေါင် ၂၆၄ သန်းအလိုရှိနေသောကြောင့် ခံစစ်ကစားသမား ဘန်ချီဝဲလ်၊ ကွင်းလယ်ကစားသမား မေဆင်မောင့်နှင့်ကိုဗာဆစ်စသည့် ပုံစံကောင်းပြသနေသည့် ကစားသမားများ အပါအဝင်တိုက်စစ်မှူး အူဘာမီယန်း၊ ကွင်းလယ်ကစားသမား ပူလီဆစ်နှင့် လူငယ်ကစားသမား ဘရိုဂျာတို့ကိုပါ အရောင်းစာရင်းတင်သွင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၂၆ ပွဲကစားပြီးချိန်တွင် ရမှတ် ၃၇ မှတ်သာရရှိထားသဖြင့် အဆင့်(၁၀) နေရာတွင် ရပ်တည်နေပြီး လာမည့်နှစ် ဥရောပဝင်ခွင့်ရရှိရန်အတွက် ရုန်းကန်နေရသော်လည်း လက်ရှိ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြသလျက်ရှိနေကာ ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ML

# ယူရိုပါလိဂ် (၁၆) သင်းအဆင့် ဒု-အကျော့ ပွဲကြိုသုံးသပ်ချက်

ML

**အာဆင်နယ် Vs စပို့တင်းလစ္စဘွန်း**

**ကစားမည့်ရက်/အချိန် ၁၇-၃-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**စပို့တင်းလစ္စဘွန်း ၂ - ၂ အာဆင်နယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အာဆင်နယ်** | – | **အိမ်(နိုင်)** | **ဝေး(သရေ)** | **ဝေး(နိုင်)** |
| **စပို့တင်းလစ္စဘွန်း** | – | **ဝေး(နိုင်)** | **အိမ်(သရေ)** | **အိမ်(နိုင်)** |

ပထမအကျော့ သရေရလဒ်ထွက်ပေါ်ထားတဲ့ အာဆင်နယ်ဟာ အခုပွဲစဉ်မှာတော့ အိမ်ရှင်အားသာချက်နဲ့နိုင်ပွဲရှာမှာဖြစ်သလို နောက်ဆုံးအိမ်ကွင်းနှစ်ပွဲဆက်မှာလဲ ခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ စပို့တင်းလစ္စဘွန်းကလဲ တိုက်စစ်ကောင်းတဲ့အသင်းနဲ့ဆို ခံစစ်ပိုင်းအားနည်းချက်ရှိနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် နောက်တစ်ဆင့်တက်ရောက်ဖို့ အစွမ်းကုန်ကြိုးစားလာမဲ့ အာဆင်နယ်ကိုပဲအားပေးရမှာပါ။


**အင်တာနက်ခန့်မှန်း – အာဆင်နယ် ၂ – ၁ စပို့တင်းလစ္စဘွန်း**

## အားကစားသတင်း အတိုအထွာများ

- ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် လက်မှတ်ဈေးနှုန်း တိုးမြှင့်သွားမည်ဟု လီဗာပူးအသင်းကကြေညာခဲ့ပြီးနောက် ရှစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် လက်မှတ်ခဈေးနှုန်းများ တိုးမြှင့်ခဲ့ကြောင်း သိရသည်။
- ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဒိုင်ဥက္ကဋ္ဌ ကော်လင်နာက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အချိန်ပိုပွဲကစားချိန်ကို ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကျင့်သုံးခဲ့သည့် အချိန်ပိုစနစ်တိုင်း ကျင့်သုံးသင့်ကြောင်း ပြောကြားခဲ့သည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ကာဗာရှက်ရှီလ်လာ၊ ဘယ်လင်ဟမ်နှင့် ကန်ဆယ်လိုတို့ကို ခေါ်ယူရန် ယူရို သန်း ၃၀၀ ခန့် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ML

# 2023 London Football Awards ဆုပေးပွဲတွင် အာဆင်နယ်အသင်းမှ နည်းပြအာတီတာအပါအဝင် ဆုလေးဆုထိရရှိ









**လန်ဒန် မတ် ၁၄**

၂၀၂၂-၂၀၂၃ ဘောလုံးရာသီအတွက် 2023 London Football Awards ဆုများကို မတ် ၁၃ ရက်က ပေးအပ်ချီးမြှင့်ခဲ့ရာ အာဆင်နယ်အသင်းမှ နည်းပြအာတီတာအပါအဝင် ဆုလေးခုထိ ဆွတ်ခူးခဲ့သည်ဟု ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားတွင် တစ်နှစ်တာ အကောင်းဆုံး နည်းပြဆုကို မားကိုစ်ဆေးဗား၊ သောမတ်ဖရန့်၊ အမ်မာဟေးရက်စ်၊ ဝဲလ်လန်းတို့ကို ကျော်ဖြတ်၍ နည်းပြအာတီတာကလည်းကောင်း၊ ပရီးမီးယားလိဂ်တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဟယ်ရီကိန်း၊ တိုနေး၊ ဆာကာ၊ မစ်ထရိုဗစ်တို့ကို ကျော်ဖြတ်၍ ကွင်းလယ်ကစားသမား အိုဒီဂတ်ကလည်းကောင်း၊ တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုကို အိုလစ်၊ မာတင်နယ်လီ၊ ဆာလီဘာ၊ မစ်ချဲလ်တို့ကိုကျော်ဖြတ်ကာ ကွင်းလယ်ကစားသမား ဆာကာကလည်းကောင်း၊ တစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆုကို လီနို၊ ကီပါ၊ လောရန့်စ်၊ ရာယာတို့ကိုကျော်ဖြတ်၍ ဂိုးသမားရမ်ဒေးကလည်းကောင်း ဆွတ်ခူးနိုင်ခဲ့သဖြင့် အာဆင်နယ်အသင်းအနေဖြင့် ဆုလေးခုထိ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ချန်ပီယံရှစ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို လေတန်အသင်းက ပေါလ်ဆမ်ကလည်းကောင်း၊ အမျိုးသမီးတစ်နှစ်တာ အကောင်းဆုံးဆုကို ချဲလ်ဆီးအသင်း ကစားသမား ဆမ်ခါကလည်းကောင်း၊ အမျိုးသမီး လူငယ်တစ်နှစ်တာ အကောင်းဆုံးဆုကို ချဲလ်ဆီးအသင်းမှ လူးရန့်ဂျိမ်းကလည်းကောင်း၊ တစ်နှစ်တာအကောင်းဆုံး သွင်းဂိုးဆုကို စပါးအသင်း ကွင်းလယ်ကစားသမား ဆွန်ဟောင်မင်ကလည်းကောင်း၊ The Power of Football Award ဆုကို အင်္ဂလန်အမျိုးသမီးအသင်းက လည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့သည်။

လက်ရှိတွင် အာဆင်နယ်အသင်းသည် မြို့ခံပြိုင်ဘက် ဖူလ်ဟမ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၆၆ မှတ်ဖြင့် အဆင့်(၂) မှ မန်စီးတီးအသင်းကို ငါးမှတ်အသာဖြင့် ဦးဆောင်ထားနိုင်ပြီး ချန်ပီယံဆုရရှိရန် အခွင့်အရေး ကောင်းနေသော်လည်း ယူရိုပါလိဂ်ပြိုင်ပွဲတွင် စပို့တင်းလစ္စဘွန်းအသင်းကို ပထမအကျော့တွင် သရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် ဒုတိယအကျော့ကို အနိုင်ရရှိမှသာ နောက်တစ်ဆင့် တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ML

# မန်ယူအသင်းကစားသမား ဂါနာချိုခြေချင်းဝတ်ဒဏ်ရာပြင်းထန်သည့်အတွက် ကာလရှည်အနားယူရဖွယ်ရှိ

**မန်ချက်စတာ မတ် ၁၄**

မန်ယူအသင်းလူငယ်တောင်ပံ ကစားသမား ဂါနာချို၏ ခြေချင်းဝတ်ဒဏ်ရာမှာ ပြင်းထန်သည့် အခြေအနေကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည့်အတွက် ယခုနှစ် ဘောလုံးရာသီအကုန်ထိ အနားယူရမည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်ဟုTYC Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈နှစ်သာရှိသေးသည့် ဂါနာချိုသည် ယခုနှစ် ဘောလုံးရာသီတွင် နည်းပြ တန်ဟတ်၏ ယုံကြည်မှုနှင့်အတူ အသင်းကြီးနှင့် စတင်ပူးပေါင်းခဲ့ပြီးနောက် တောင်ပံတိုက်စစ်တွင် ခြေစွမ်းပြသလျက်ရှိနေသူဖြစ်ပြီး ပြီးခဲ့သည့် ဆောက်သမ်တန်အသင်းနှင့် မန်ယူအသင်းတို့ကစားခဲ့သည့် ပွဲစဉ်၌ ပွဲချိန် ၇၇ မိနစ်တွင် လူစားဝင်ကစားခွင့်ရရှိခဲ့သော်လည်း ဆောက်သမ်တန်အသင်း ခံစစ်ကစားသမား ဝေါ်ကာပီတာ၏ ဖျက်ထုတ်ပုံ ကြမ်းတမ်းမှုကြောင့် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဂါနာချိုသည် ပွဲချိန် ၉၁ မိနစ်တွင် ဆက်လက်ကစားနိုင်ခြင်း မရှိတော့သည့်အတွက် လူစားလဲထွက်ခွာခဲ့ရပြီး ပွဲပြီးဆုံးချိန်တွင်လည်း ခြေထောက်ပင် မထောက်နိုင်ခဲ့ဘဲ ချိုင်းထောက်ဖြင့် ကွင်းအတွင်းမှ ထွက်ခွာခဲ့ရသည်။

အစောပိုင်းက ဂါနာချိုအနေဖြင့် ဒဏ်ရာပြင်းထန်ဖွယ်မရှိသော်လည်း ဆေးစစ်မှုများပြုလုပ်ခဲ့ပြီးနောက် ခြေချင်းဝတ်အရွတ်စုတ်ပြဲခဲ့သည့်အတွက် ကြံ့ခိုင်မှုပြည့်ဝရန် ကာလရှည် အနားယူရမည်ဖြစ်ကြောင်း သိရသည်။ STA

# ဆော်ဒီကလပ် အယ်အီတီဟတ်အသင်းက ဇာဟာကိုခေါ်ယူရန် တစ်နှစ်လုပ်ခစတာလင်ပေါင် ကိုးသန်းဖြင့်ကမ်းလှမ်း

**ရီယာ့ဒ် မတ် ၁၄**

ဆော်ဒီအာရေဗျ ကလပ် အယ်အီတီဟတ် အသင်းသည် ပဲလေ့စ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် တိုက်စစ်မှူး ဇာဟာကို တစ်နှစ်လုပ်ခ စတာလင်ပေါင် ကိုးသန်းဖြင့် ခေါ်ယူရန် တရားဝင်ကမ်းလှမ်းခဲ့သည်ဟု ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဇာဟာသည် လာမည့် ဇွန် ၃၀ ရက်တွင် ပဲလေ့စ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် အသင်းအနေဖြင့် စာချုပ်သက်တမ်းတိုးရန် အကြိမ်ကြိမ်ဆွေးနွေးမှုပြုလုပ်ခဲ့ရာ အောင်မြင်မှုမရခဲ့သဖြင့် ယခုအခါ ကလပ်အသင်း၏ စံချိန်တင်လုပ်ခလစာဖြစ်သည့် တစ်ပတ်လုပ်ခ စတာလင်ပေါင် ၂၀၀၀၀၀ ဖြင့် ထပ်မံကမ်းလှမ်းမှု ပြုလုပ်ထားကြောင်း သိရသည်။

တိုက်စစ်မှူး ဇာဟာသည် ၂၀၁၅ ခုနှစ်က ပဲလေ့စ်အသင်းသို့ ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၉၀ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၇၀ ထိ သွင်းယူနိုင်ခဲ့သည့်အပြင် အသင်း၏ တိုက်စစ်ပိုင်းကို အဓိကဦးဆောင်ကာ အသင်းအတွက် အဆုံးအဖြတ်သွင်းဂိုးများ သွင်းယူနိုင်ခဲ့သည့်အပြင် လက်ရှိ အမှတ်ပေးပြိုင်ပွဲတွင် ခြောက်ဂိုး သွင်းယူ၍ ဂိုးဖန်တီးမှု နှစ်ကြိမ် ပြုလုပ်နိုင်ခဲ့သောကြောင့် ဥရောပ ကလပ်အသင်းများ အပါအဝင် ဆော်ဒီကလပ် အယ်အီတီဟတ် အသင်းကလည်း ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။



ဇာဟာသည် ၂၀၁၅ ခုနှစ်က မန်ယူအသင်းမှ ထွက်ခွာပြီးနောက် ပဲလေ့စ်အသင်းတွင်သာ ကစားခဲ့သောကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် ဝေးကွာနေရသဖြင့် ချန်ပီယံလိဂ် ကစားရမည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသောကြောင့် အယ်အီတီဟတ် အသင်း၏ကမ်းလှမ်းမှုကို ပြန်လည်တုံ့ပြန်ခြင်း မရှိသေးကြောင်း သိရသည်။ ML

# ၂၀၂၄အာရှယူ-၂၀အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဒုတိယအဆင့်ခြေစစ်ပွဲမဲခွဲရန် မဲအိုးသတ်မှတ်မှုတွင် မြန်မာအသင်း မဲအိုးနံပါတ်(၂)တွင် ကျရောက်



**ရန်ကုန် မတ် ၁၄**

၂၀၂၄အာရှယူ-၂၀အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲအတွက် အုပ်စုမဲခွဲရန် မဲအိုးနံပါတ် သတ်မှတ်မှုတွင် မြန်မာယူ-၂၀ အမျိုးသမီးအသင်း မဲအိုးနံပါတ်(၂)တွင် ကျရောက်လျက်ရှိနေကြောင်း သိရသည်။

မြန်မာယူ-၂၀ အမျိုးသမီး အသင်းသည် ၂၀၂၄အာရှယူ-၂၀ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ပထမအဆင့်တွင် အိမ်ရှင် ကမ္ဘောဒီးယားယူ-၂၀ အမျိုးသမီး အသင်းနှင့် မလေးရှားယူ-၂၀ အမျိုးသမီးအသင်းတို့ကို အနိုင်ရရှိခဲ့ပြီးနောက် အုပ်စုပထမဖြင့် ဒုတိယ အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၄အာရှယူ-၂၀အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲကို လာမည့် ဇွန် ၃ ရက်မှ ၁၁ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအဆင့်သို့ တက်ရောက်လာသည့် အသင်း ရှစ်သင်းကို အုပ်စုနှစ်ခုခွဲကာ ကျင်းပသွားမည်ဖြစ်ကာ အုပ်စု ပထမရရှိသည့်အသင်း နှစ်သင်းနှင့် ဒုတိယရရှိသည့် အသင်းနှစ်သင်း စုစုပေါင်း လေးသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအဆင့်ခြေစစ်ပွဲအတွက် မဲခွဲရန် မဲအိုးနံပါတ်သတ်မှတ်မှုတွင် မဲအိုးနံပါတ် (၁)၌ သြစတြေးလျ အသင်း၊ တရုတ်အသင်း၊ မဲအိုး နံပါတ် (၂)တွင် ဗီယက်နမ်အသင်း၊ မြန်မာအသင်း၊ မဲအိုးနံပါတ်(၃)တွင် အီရန်အသင်း၊ နီပေါအသင်း၊ မဲအိုးနံပါတ်(၄)တွင် လက်ဘနွန် အသင်းနှင့် တရုတ် (တိုင်ပေ) အသင်းတို့ ပါဝင်လျက်ရှိနေကြောင်း သိရသည်။

STA

# The Masters 2023 ပြိုင်ပွဲတွင် စကော့တီရှက်ဖလာ ပါဝင်ယှဉ်ပြိုင်သွားမည်

**ဂျော်ဂျီယာ မတ် ၁၄**

ကမ္ဘာ့အဆင့် (၁) နေရာကို စပိန်ဂေါက်သီးရိုက် ကစားသမား ဂျွန်ရမ်းထံမှ လွှဲပြောင်းရယူထားသည့် အမေရိကန် ဂေါက်သီးရိုက် ကစားသမား စကော့တီရှက်ဖလာသည် ဧပြီ ၆ ရက်တွင် အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်တွင် ကျင်းပသွားမည့် The Masters 2023 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်ဟု YB သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စကော့တီရှက်ဖလာသည် The Masters ဂေါက်သီးရိုက် ပြိုင်ပွဲ၏ လက်ရှိချန်ပီယံတစ်ဦးလည်းဖြစ်ပြီး ဂေါက်သီးရိုက်လောက၏ ဂုဏ်ရှိန် အကြီးဆုံးပြိုင်ပွဲဖြစ်သည့် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရန် ပစ်မှတ်ထားနေကြောင်းလည်း စကော့တီရှက်ဖလာက ပြောကြားခဲ့သည်။

ကမ္ဘာ့အဆင့်(၂)ဂေါက်သီးရိုက် ကစားသမား ဂျွန်ရမ်းနှင့် ကမ္ဘာ့အဆင့်(၃)ဂေါက်သီးရိုက် ကစားသမားမက်အီလ်ရွိုင်းတို့သည်လည်း The Masters 2023 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်တွင် ထွက်ပေါ်ခဲ့သော The Masters 2023 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဗိုလ်စွဲရန်ရေပန်းစားသည့် စာရင်းတွင် ဂျွန်ရမ်းကဦးဆောင်ခဲ့ပြီး ဂျွန်ရမ်း၏နောက်တွင် မက်အီလ်ရွိုင်းနှင့် စကော့တီရှက်ဖလာတို့က ရပ်တည်ခဲ့သည်။

သို့သော်လည်း ပြီးခဲ့သည့် ရက်ပိုင်းက ကျင်းပသွားခဲ့သည့် The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် စကော့တီရှက်ဖလာသည် The Masters 2023 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းစားနေသည့် စာရင်းကို ပြန်လည်ဦးဆောင်လာနိုင်ခဲ့သည်။

စကော့တီရှက်ဖလာက "The Masters ဂေါက်သီးရိုက်ပြိုင်ပွဲဟာ ဂေါက်သီးရိုက် ကစားသမားတိုင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရချင်တဲ့ ပြိုင်ပွဲဖြစ်သလို ချန်ပီယံဖြစ်ဖို့အတွက်ကလဲ ကစားသမားတိုင်းရဲ့အိပ်မက်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနှစ်မှာ လက်ရှိချန်ပီယံ တစ်ယောက်အနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရမှာကို ဝမ်းသာဂုဏ်ယူပါတယ်။ လက်ရှိချန်ပီယံဆုကိုလဲ ကာကွယ်နိုင်အောင် ပြင်ဆင်မှုတွေပြုလုပ်နေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# အင်္ဂလန်လက်ဝှေ့မယ်ဟာပါက စူပါဝယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် နော်ဝေလက်ဝှေ့မယ် ဘရာကပ်စ်နှင့် ထိုးသတ်သွားမည်




**ဒပ်ဗ်လင် မတ် ၁၄**

WBO၊ IBO စူပါဝယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံ အင်္ဂလန်လက်ဝှေ့မယ် ဟာပါသည် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ နော်ဝေလက်ဝှေ့မယ် ဘရာကပ်စ်နှင့် မေ ၂၀ ရက်တွင် အိုင်ယာလန်နိုင်ငံ ဒပ်ဗ်လင်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း ပွဲစဉ်ပေးသည့် DAZN ကုမ္ပဏီကထုတ်ပြန်ခဲ့သည်ဟု Boxing Talk သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟာပါသည် လက်ရှိ စူပါဝယ်သာဝိတ်တန်းတွင် အကောင်းဆုံး လက်ဝှေ့မယ်အဖြစ် ရပ်တည်နေသလို ဟာပါဖြင့် ထိုးသတ်သွားမည့် ဘရာကပ်စ်သည်လည်း WBA၊ WBC၊ IBF၊ WBO၊ IBO ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်းတစ်ဦးဖြစ်သည်။

ဘရာကပ်စ်သည် စူပါဝယ်သာဝိတ်တန်း လက်ရှိကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခွင့်ရထားသည့် လက်ဝှေ့မယ်တစ်ဦးဖြစ်ပြီး ကမ္ဘာ့ချန်ပီယံဆုများကို ပြန်လည်ရယူနိုင်ရေးအတွက် ပစ်မှတ်ထားနေသူလည်းဖြစ်သည်။

ဝယ်သာဝိတ်တန်းတွင် ပြိုင်ဘက်ကင်းချန်ပီယံဆုအား စွန့်လွှတ်ခဲ့ရပြီးနောက် စူပါဝယ်သာဝိတ်တန်းသို့ တက်ရောက်လာခဲ့သည့် ဘရာကပ်စ် အနေဖြင့် စူပါဝယ်သာဝိတ်တန်း၏ အကောင်းဆုံး လက်ဝှေ့မယ်အဖြစ် ရပ်တည်နေသူဟာပါကို ကျော်ဖြတ်နိုင်ရေးမှာ ခက်ခဲဖွယ်ရှိနေသည်။

ဟာပါက "ကျွန်မတို့ရဲ့ စိန်ခေါ်ပွဲဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ လက်ဝှေ့ ပရိသတ်တွေအတွက် စိတ်ဝင်စားဖို့ကောင်းတဲ့ ပွဲတစ်ပွဲဖြစ်လာမှာပါ။ လက်ဝှေ့လောကသားတွေကလဲ ကျွန်မတို့ရဲ့ စိန်ခေါ်ပွဲကို စိတ်ဝင်စားနေကြတယ်။ ဘရာကပ်စ်ဟာ ဝယ်သာဝိတ်တန်းမှာ ပြိုင်ဘက်ကင်း ချန်ပီယံတစ်ယောက်အနေနဲ့ ရပ်တည်လာတဲ့ ချန်ပီယံဟောင်းတစ်ယောက်ပါ။ ဒီလို ပြိုင်ဘက်ကောင်းတစ်ယောက်နဲ့ ထိုးသတ်သွားရမှာဖြစ်တဲ့အတွက် ပြင်ဆင်လေ့ကျင့်မှုတွေ အကောင်းဆုံး ပြုလုပ်သွားမယ်။ ဟာပါဟာ ဘယ်လို လက်ဝှေ့သမားလဲဆိုတာ အားလုံးသိအောင် လုပ်ပြချင်တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Indian Wells Masters ပြိုင်ပွဲ စတုတ္ထအဆင့်သို့ စဝီယာတက်ခ် တက်ရောက်

**ကယ်လီဖိုးနီးယား မတ် ၁၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် Indian Wells Masters အမျိုးသမီး တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ၏ တတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်နှင့် ကနေဒါ တင်းနစ်မယ် အန်ဒရက်စ်ကူတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆-၃ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း France24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် မကြာသေးမီက ကာတာနိုင်ငံတွင် ကျင်းပခဲ့သော WTA တင်းနစ်ပြိုင်ပွဲအမျိုးအစားဖြစ်သည့် ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးထားသူဖြစ်ပြီး ATP Masters တင်းနစ်ပြိုင်ပွဲအမျိုးအစားဖြစ်သည့် Indian Wells Masters တင်းနစ်ပြိုင်ပွဲတွင်လည်းချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသူဖြစ်သည်။

စဝီယာတက်ခ်က "အန်ဒရက်စ်ကူနဲ့ကစားတိုင်း အမြဲအခက်တွေ့ရပါတယ်။ အန်ဒရက်စ်ကူဟာ ပွဲကစားနေရင်းနဲ့ ကစားဟန်ကို ချက်ချင်း ပြောင်းလဲနိုင်စွမ်းရှိတဲ့ ကစားသမား တစ်ယောက်ပါ။ တော်ရုံကစားသမား မလုပ်နိုင်တဲ့ ကိစ္စလဲဖြစ်ပါတယ်။ အန်ဒရက်စ်ကူကို ပထမပွဲငယ်မှာ ဖိအားမရှိဘဲ အနိုင်ရခဲ့ပေမဲ့လဲ ဒုတိယပွဲငယ်မှာတော့ ခက်ခက်ခဲခဲကစားခဲ့ရတယ်။ Tie-Break ထိရောက်ခဲ့ပြီး Tie-Break မှာလဲ အနိုင်အရှုံးပေါ်ဖို့ အကြိတ်အနယ် ကစားခဲ့တယ်။ စတုတ္ထအဆင့်ကို တက်ရောက်ခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။

စဝီယာတက်ခ်သည် စတုတ္ထအဆင့်တွင် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး အမ်မာရာဒူကာနူသည် တတိယအဆင့်တွင် ဘရာဇီးတင်းနစ်မယ် ဟက်ဒက်မိုင်ယာအား (၆-၁ ၊ ၂-၆ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

AZL

# ဘာစီလိုနာအသင်း အမှု ရှုံးနိမ့်ခဲ့ပါက ရရှိထားသည့်ဆုဖလားများပြန်လည်သိမ်းဆည်းခံရဖွယ်ရှိ

**မက်ဒရစ် မတ် ၁၄**

ဘာစီလိုနာအသင်းသည် လက်ရှိရင်ဆိုင်နေရသည့် လာဘ်ပေးသည့်အမှု ရှုံးနိမ့်ခဲ့ပါက ရရှိထားသည့် ဆုဖလားများ ပြန်လည်သိမ်းဆည်းခံရဖွယ်ရှိနေသည်ဟု AS သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ခုနှစ်အတွင်း စပိန်လာလီဂါအဖွဲ့ချုပ် ဒိုင်ကော်မတီ ဒုတိယဥက္ကဋ္ဌဟောင်း နီဂရီရာကို ယူရို ၁ ဒသမ၂ သန်းအား ငွေပိုင်ဆိုင်သည့် ကုမ္ပဏီများထံပေးအပ်ခဲ့ပြီး လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ခဲ့သည်ဟု စပိန်နိုင်ငံ ကတ်တလန်ဒေသ အခြေစိုက်တရားရုံးက စွဲချက်တင်ထားပြီး လက်ရှိတွင် အမှုရင်ဆိုင်နေရခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက ဒိုင်ကော်မတီ ဒုတိယဥက္ကဋ္ဌဟောင်း နီဂရီရာကို စပိန်လာလီဂါအဖွဲ့ချုပ်မှ ဒိုင်လူကြီးများ အရည်အသွေးတိုးတက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လျှော်ခါနီး ထားသည်ဟု တုံ့ပြန်ထားသော်လည်း လက်ရှိတွင် စပိန်လာလီဂါအဖွဲ့ချုပ်ဒိုင်ကော်မတီက ဘာစီလိုနာအသင်းပေးထားသည့် ငွေများအနေဖြင့် ဒိုင်ကော်မတီထံတွင် ရောက်ရှိခြင်းမရှိခဲ့ဟု ထုတ်ပြန်ထားသကဲ့သို့ ကတ်တလန်အခြေစိုက် တရားရုံးကလည်း အဂတိလိုက်စားမှုဖြင့်စွဲချက်တင်ကာ စစ်ဆေးမှုများ ပြုလုပ်နေခြင်းဖြစ်သည်။

ထို့ပြင် ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပြိုင်ပွဲတွင် ကွင်းလယ်ဒိုင်များကို ထိန်းချုပ်နိုင်ရန် ပြီးခဲ့သည့် ၂၀၀၂ ခုနှစ်မှစတင်ပြီး ၂၀၁၈ ခုနှစ်ထိ နီဂရီရာပိုင်ဆိုင်သည့် ကုမ္ပဏီထံ ယူရို ခုနစ်သန်းကိုလည်း လွှဲပြောင်းပေးအပ်ခဲ့သည်ဟု သတင်းများထပ်မံ ပေါ်ထွက်လာခဲ့ပြီးနောက် ပိုမိုဆိုးရွားသည့်အခြေအနေနှင့်ရင်ဆိုင်ရလျက်ရှိနေသည်။

ဘာစီလိုနာ အသင်းအနေဖြင့် အဆိုပါအမှုတွင် ပြစ်မှုထင်ရှားခဲ့ပါက ၂၀၀၂ ခုနှစ်မှ ၂၀၁၈ခုနှစ်အတွင်းရရှိထားသည့် ဆုဖလားများကို ပြန်လည်ရုပ်သိမ်းခံရဖွယ်ရှိနေကြောင်း သိရသည်။

STA

# ၂၀၂၃ ခုနှစ် ထိုင်းနိုင်ငံ ရွေးကောက်ပွဲအလားအလာ

ထိုင်းနိုင်ငံတွင် ရွေးကောက်ပွဲများပြုလုပ်ရန် ချဉ်းကပ်လာသောကြောင့် အာဏာပိုင်များအနေဖြင့် မေလအစောပိုင်းတွင် ရွေးကောက်ပွဲများပြုလုပ်သွားရန် စီစဉ်ထားရှိသည်။ နိုင်ငံအတွင်းရှိ ပါတီများသည် မူဝါဒပိုင်းဆိုင်ရာ အခင်းအကျင်းသစ်များကိုထုတ်ဖော်ကြေညာလျက်ရှိသည်။ ၁၉၉၀ ပြည့်လွန်နှစ်များကတည်းက ပြည်သူကိုဗဟိုပြုသောမူဝါဒများသည် ထိုင်းနိုင်ငံရေးတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသော်လည်း အုပ်စုဖွဲ့ထားသောနိုင်ငံရေးသမားများ၏သြဇာအာဏာသည် ရွေးကောက်ပွဲ၌ လွှမ်းမိုးနေဆဲပင်ဖြစ်သည်။ အထူးသဖြင့် ဒေသဆိုင်ရာမဲဆန္ဒနယ်မြေများတွင် နာမည်ကြီးနိုင်ငံရေးသမားများက လွှမ်းမိုးနေဆဲပင်ဖြစ်သည်။

နာမည်ကြီးနိုင်ငံရေးသမားများနှင့် ဂိုဏ်းဂဏအုပ်စုဝင်များသည် ရွေးကောက်ပွဲအောင်နိုင်ရေးနှင့် အရင်းအမြစ်များ ပိုမိုရရှိရေးမျှော်လင့်ကာ ပါတီ ရွှေ့ပြောင်းမှုကို အကြိမ်ကြိမ်ပြုလုပ်လေ့ရှိကြသည်။ ပါတီကြီးများသည် ရွေးကောက်ပွဲအောင်မြင်နိုင်ရေးအတွက် လူထုထောက်ခံမှုမြင့်မားသော နိုင်ငံရေးအုပ်စုများကို ပူးပေါင်းလာစေရန် ဆွဲဆောင်စည်းရုံးလေ့ရှိကြသည်။ ယခုနှစ်ကျင်းပသွားမည့်ရွေးကောက်ပွဲတွင်လည်း ယခင်ရွေးကောက်ပွဲများနည်းတူ နိုင်ငံရေးအရ လွှမ်းမိုးမှုရှိသောအုပ်စုများကိုစည်းရုံးသွားမည်မှာ အသေအချာပင်ဖြစ်သည်။ ပါတီအဖွဲ့အစည်းများနှင့် မူဝါဒအခြေခံသောယှဉ်ပြိုင်မှုတွင် အုပ်စုဖွဲ့ထားသောနိုင်ငံရေးသမားများသည် ယခင်ကလိုပင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ဆက်လက်လွှမ်းမိုးနေဦးမည်ဖြစ်သည်။

ယခင်နှစ် ဒီဇင်ဘာလကတည်းက ထိုင်းနိုင်ငံ၏ နိုင်ငံရေးပါတီများသည် ဆန္ဒမဲရရှိရေးအတွက် မူဝါဒမျိုးစုံကို ထုတ်ပြန်ကြေညာလျက်ရှိသည်။ ပါတီများက ထုတ်ပြန်သောမူဝါဒအများစုသည် ပြည်သူလူထုအကျိုးကို မျှော်မှန်းဆောင်ရွက်နေသည်ဟုဆိုသည်။ အဆိုပါမူဝါဒများတွင် သက်ကြီးရွယ်အိုများကို ပံ့ပိုးကြေးပေးခြင်း၊ မိခင်နှင့်ကလေးများကို ပံ့ပိုးကြေးများပေးခြင်းနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ရန်ပုံငွေထူထောင်ပေးခြင်းတို့ ပါဝင်သည်။ သို့သော် ပါတီများသည် မဲဆန္ဒရှင်များကို ပစ်မှတ်ထားရာတွင် မတူကွဲပြားလျက်ရှိသည်။ သာဓကအနေဖြင့် အတိုက်ခံ Pheu Thai ပါတီသည် အနည်းဆုံးလုပ်ခလစာကို တစ်နေ့ ဘတ် ၆၀၀ ထိ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုပြောကြားနေသည့်အချိန်တွင် အာဏာရ Palang Pracharath Party (PPRP) ကမူ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲအနိုင်ရရှိလျှင် တစ်နှစ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈၀၀ အောက်ရရှိသူများအတွက် နိုင်ငံတော်လူမှုထောက်ပံ့ကြေးပေးမည့်အစီအစဉ်ကို တစ်လလျှင် ဘတ် ၇၀၀ ထိ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားလျက်ရှိသည်။

ဘဏ္ဍာရေးဝန်ကြီးဟောင်း Korn Chatikavanij ဦးဆောင်သည့် Chart Pattana Kla ပါတီသည် လစဉ်ဝင်ငွေ ဘတ် ၄၀၀၀၀ အောက်ရရှိသောပြည်သူများကို ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိမည့် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများပြုလုပ်သွားရန် အဆိုပြုထားလျက်ရှိသည်။ Pheu Thai ပါတီကလည်း ဘွဲ့ရအလုပ်သမားများသည် တစ်လလျှင် အနည်းဆုံးလုပ်ခလစာ ဘတ် ၂၅၀၀၀ ရရှိမည်ဟု ကတိပြုထားသည်။ ထို့ပြင် အဓိကကျသောပါတီကြီးများကလည်း အသက် ၆၀ အထက် ထိုင်းပြည်သူအားလုံးသည် တစ်လလျှင် အငြိမ်းစားပံ့ပိုးငွေ ဘတ် ၃၀၀၀ ရရှိမည်ဟု ကတိပြုထားသည်။ မိခင်များကိုပံ့ပိုးပေးမည့် မူဝါဒများမှာလည်း အဓိကပါတီကြီးများ၏ မူဝါဒတွင် ပါဝင်လျက်ရှိသည်။ ကိုယ်ဝန်ဆောင်မိခင်များကို ဘတ် ၁၀၀၀၀ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုယ်ဝန်ဆောင်ချိန်မှ ကလေးခြောက်နှစ်သားအရွယ်ထိ လစဉ်ပံ့ပိုးကြေး ဘတ် ၃၀၀၀ ပေးသွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြု ပြောဆိုလျက်ရှိသည်။

အဆိုပါ လူမှုထောက်ပံ့ရေးမူဝါဒများအပြင် ပါတီများသည် ဆင်းရဲသားပြည်သူများအတွက် ထပ်ဆောင်းမူဝါဒများကိုလည်း မိတ်ဆက်ပေးလျက်ရှိသည်။ သာဓကအနေဖြင့် Bhumjaithai ပါတီသည် ကြွေးမြီပြန်ဆပ်ရမည့်ကာလကို သုံးနှစ်ထိ ဆိုင်းငံ့သွားမည်ဖြစ်သည်။ Thai Sang Thai ပါတီသည် ပြည်သူအရေးပေါ်ရန်ပုံငွေကို ဘတ် ၅၀၀၀ မှ ၅၀၀၀၀ ထိ ပေးအပ်သွားရန် ကမ်းလှမ်းထားရှိသည်။ ၂၀၁၄ ခုနှစ် စစ်အာဏာသိမ်းခေါင်းဆောင်နှင့် လက်ရှိဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာခေါင်းဆောင်သော United Thai Nation Party (UTNP) ပါတီသည် လူမှုထောက်ပံ့ရေးကတ် ကိုင်ဆောင်ထားသူများကို တစ်လလျှင် ဘတ် ၃၀၀ မှ ၁၀၀၀ ထိ တိုးမြှင့်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းကြေညာကာ မဲဆွယ်စည်းရုံးလျက်ရှိသည်။

သို့သော် ပညာရှင်များနှင့်လုပ်ငန်းရှင်များကမူ ပြည်သူ့အကြိုက်မူဝါဒများသည် တိုင်းပြည်စီးပွားရေး တိုးတက်မှုဖော်ဆောင်နိုင်ခြင်းမရှိဘဲ ထိုင်းနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများပိုမိုမြင့်တက်လာရန်ခြိမ်းခြောက်လျက်ရှိကြောင်းပြောဆိုကာ အဆိုပါ ပြည်သူများအကြိုက် မူဝါဒများကိုပြစ်တင်ဝေဖန်လျက်ရှိသည်။ အဆိုပါမူဝါဒများသည် ဆင်းရဲသားပြည်သူများကို ကိုယ့်အားကိုယ်ကိုးရန်အားပေးသည်ထက် အစိုးရ၏ပံ့ပိုးမှုကိုသာ မှီခိုလိုစိတ်ဖြစ်လာစေကြောင်း ပြောဆိုလျက်ရှိကြသည်။

ပါတီများသည် ဆန္ဒမဲများရရှိရေး မူဝါဒများ အဆိုပြုလျက်ရှိသော်လည်း လက်တွေ့တွင်မူ အဆိုပါ မူဝါဒများသည် ရွေးကောက်ပွဲအောင်မြင်မှုရရှိရေးအတွက် အာမခံချက်မရှိပေ။ ထိုင်းနိုင်ငံမဲဆန္ဒရှင်များကို နိုင်ငံရေးအုပ်စုများနှင့် သြဇာတိက္ကမရှိသူများက တိုက်ရိုက်ညွှန်ကြားလေ့ရှိသည်။ အဆိုပါ နိုင်ငံရေးသြဇာအာဏာကြီးသူများသည် သီးသန့်ဒေသများနှင့်ပြည်နယ်များတွင် ဆန္ဒမဲများကိုထိန်းချုပ်ထားကြသည်။ အဓိကပါတီကြီးများသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် အဆိုပါနိုင်ငံရေးသြဇာအာဏာရှိသော အုပ်စုများ၏ ထောက်ခံမှုရရှိအောင် ဆောင်ရွက်ကြရသည်။ ယခုနှစ် ဇန်နဝါရီလမှစ၍ အဓိကကျသော နိုင်ငံရေးအုပ်စုများသည် ပါတီရွှေ့ပြောင်းမှုများ ပြုလုပ်လျက်ရှိသလို ပါတီများကလည်း လာမည့်ရွေးကောက်ပွဲအတွက် နိုင်ငံရေးသြဇာအာဏာကြီးမားသူများကို စည်းရုံးသိမ်းသွင်းလျက်ရှိသည်။

နိုင်ငံရေးပါတီများဆိုင်ရာ ၂၀၁၇ ခုနှစ် ဥပဒေအရ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲမတိုင်မီ ပါတီဝင်အဖြစ် အနည်းဆုံး ရက်ပေါင်း ၉၀ ရှိရမည်ဖြစ်သည်။ ထို့ပြင် အစိုးရသက်တမ်းမကုန်ဆုံးမီ လွှတ်တော်ဖျက်သိမ်းပြီးလျှင် ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများသည် ပါတီဝင်အဖြစ် အနည်းဆုံးရက်ပေါင်း ၃၀ ရှိရမည်ဖြစ်သည်။ မကြာသေးမီ သီတင်းပတ်များအတွင်းကပင် အာဏာရပါတီမှ ထင်ရှားသောအဖွဲ့ဝင်များအပါအဝင် နိုင်ငံရေးအုပ်စုများသည် ရွေးကောက်ပွဲကြိုတင်ပြင်ဆင်မှုအနေဖြင့် ပါတီရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့သည်။ အဓိကကျသောပါတီများအနက် PPRP နှင့် ဒီမိုကရက်တစ်ပါတီတို့သည် အရေးပါသောနိုင်ငံရေးအုပ်စုများကို Bhumjaithai ၊ UTNP နှင့် Pheu Thai ပါတီများအပါအဝင် အခြားနိုင်ငံရေးပါတီများထံသို့ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

**❖ မေလတွင် ကျင်းပမည့်ရွေးကောက်ပွဲ၌ ပါတီများ၏နိုင်ငံရေးမူဝါဒများသည် ဒေသဆိုင်ရာမဲဆန္ဒနယ်များတွင် နိုင်ငံရေးအုပ်စုများ၏ အခန်းကဏ္ဍလောက် အရေးပါမည်မဟုတ်ချေ။ အဓိကပါတီကြီးများသည် သတ်မှတ်နယ်မြေများနှင့် ပြည်နယ်များတွင် အနိုင်ရရှိရေးအတွက် နိုင်ငံရေးသြဇာအာဏာရှိသော အုပ်စုများကို စည်းရုံးသိမ်းသွင်းထားရှိသည်။ ထို့ကြောင့် ပါတီများသည် မူဝါဒများနှင့်မဲဆွယ်စည်းရုံးလှုပ်ရှားမှုများကို တစ်ပြိုင်တည်းဆောင်ရွက်နိုင်စွမ်းမရှိပေ။ အထူးသဖြင့် ပါတီစာရင်းဝင် အမတ်နေရာအတွက် မူဝါဒများသည် အရေးပါနေဆဲဖြစ်သည်။ ❖**

အနိုင်ရရှိသူ အကုန်ယူသည့် မဲပေးစနစ်ကိုအသုံးပြုထားသော တစ်သီးပုဂ္ဂလမဲဆန္ဒနယ် အမတ်နေရာသည် ၃၅၀ မှ ၄၀၀ ထိ တိုးမြှင့်လာသောကြောင့် မကြာသေးမီကထုတ်ပြန်ခဲ့သော ရွေးကောက်ပွဲဥပဒေများသည် ပါတီများကို ခရိုင်အမတ်နေရာများတွင် အနိုင်ရရှိရေး အလေးထားရန်ဖိအားပေးလျက်ရှိသည်။ ထို့ပြင် အချိုးကျကိုယ်စားပြုစနစ်အသုံးပြုထားသော ပါတီစာရင်းဝင်အမတ်နေရာမှာလည်း ၁၅၀ မှ ၁၀၀ ထိလျှော့ချခဲ့သည်။ ခရိုင်အမတ်နေရာများသည် ပါတီစာရင်းဝင်အမတ်နေရာများထက် နိုင်ငံရေးအုပ်စုများ၏လွှမ်းမိုးမှုနှင့်နီးစပ်လျက်ရှိသည်။ ဆိုလိုသည်မှာ ရွေးကောက်ပွဲဆိုင်ရာ ပြောင်းလဲခြင်းသည် ဒေသအလိုက်နှင့် ပြည်နယ်အလိုက် နိုင်ငံရေးအုပ်စုများကို ပိုမိုအင်အားတောင့်တင်းလာစေမည်ဖြစ်သည်။ မဲဆန္ဒရှင်များအပေါ် လွှမ်းမိုးမှုရှိသောအုပ်စုများနှင့် ဆက်နွှယ်မှုရှိသော ရာထူးအာဏာထိန်းချုပ်မှုစနစ်များသည် အဓိကကျသောမဲဆန္ဒနယ်များတွင် နိုင်ငံရေးအုပ်စုများသာ အဓိကကျကြောင်း ဖော်ညွှန်းလျက်ရှိသည်။

နိုင်ငံရေးအုပ်စုများသည် ငွေကြေး၊ ပါတီတွင်းပဋိပက္ခအပြင် လက်ရှိပါတီတွင်ထောက်ခံမှုကျဆင်းလာခြင်းအပါအဝင် အကြောင်းပြချက်မျိုးစုံဖြင့် ပါတီသစ်များသို့ ရွှေ့ပြောင်းရန်ဆုံးဖြတ်လေ့ရှိကြသည်။ အချို့သောနိုင်ငံရေးအုပ်စုများသည် ပါတီရွှေ့ပြောင်းမှုအတွက် အပြန်အလှန်အားဖြင့် အခြားပါတီများထံမှ ငွေကြေးလက်ခံရရှိလေ့ရှိကြသည်။ အချို့သော နိုင်ငံရေးသမားများသည် ပါတီရွှေ့ပြောင်းမှုအတွက် ပါတီသစ်များထံမှ အမေရိကန်ဒေါ်လာ နှစ်သန်းခန့်လက်ခံရရှိသည်ဟု ဆိုသည်။ အချို့သောနိုင်ငံရေးသမားများသည် ပါတီခေါင်းဆောင်များနှင့်မသင့်မြတ်ခြင်းသို့တည်းမဟုတ် အစိုးရအဖွဲ့နေရာခွဲဝေမှုအပေါ် သဘောထားကွဲလွဲခြင်းနှင့် အခြားသောနိုင်ငံရေးပြဿနာများကြောင့် ပါတီရွှေ့ပြောင်းကြသည်ဟုဆိုသည်။

ထို့ကြောင့် မေလတွင်ကျင်းပမည့် ရွေးကောက်ပွဲ၌ ပါတီများ၏နိုင်ငံရေးမူဝါဒများသည် ဒေသဆိုင်ရာမဲဆန္ဒနယ်များတွင် နိုင်ငံရေးအုပ်စုများ၏အခန်းကဏ္ဍလောက် အရေးပါမည်မဟုတ်ချေ။ အဓိကပါတီကြီးများသည် သတ်မှတ်နယ်မြေများနှင့်ပြည်နယ်များတွင် အနိုင်ရရှိရေးအတွက် နိုင်ငံရေးသြဇာအာဏာရှိသော အုပ်စုများကို စည်းရုံးသိမ်းသွင်းထားရှိသည်။ ထို့ကြောင့် ပါတီများသည် မူဝါဒများနှင့် မဲဆွယ်စည်းရုံးလှုပ်ရှားမှုများကို တစ်ပြိုင်တည်းဆောင်ရွက်နိုင်စွမ်းမရှိပေ။ အထူးသဖြင့် ပါတီစာရင်းဝင်အမတ်နေရာအတွက် မူဝါဒများသည် အရေးပါနေဆဲဖြစ်သည်။ သာဓကအနေဖြင့် ဗန်ကောက်နှင့် နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် ပါတီမူဝါဒများသည် ရွေးကောက်ပွဲအတွက် အရေးပါလျက်ရှိသည်။ ထို့ကြောင့် ပါတီများသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် ခိုင်မာသောနိုင်ငံရေးမူဝါဒများအပြင် သြဇာလွှမ်းမိုးသော နိုင်ငံရေးသမားများကိုလည်း မွေးမြူထားရန် လိုအပ်ပေသည်။

ထိုင်းနိုင်ငံ၏ ရွေးကောက်ပွဲများတွင် နိုင်ငံရေးသြဇာလွှမ်းမိုးမှုရှိသည့်ပုဂ္ဂိုလ်များပါဝင်သော ပါတီများကသာ အနိုင်ရရှိလေ့ရှိသည်။ အထူးသဖြင့် ကျေးလက်နေပြည်သူများ၊ တောင်သူလယ်သမားများအကျိုးကို ဖော်ဆောင်သည့် ပါတီများအနေဖြင့်လည်း အမတ်နေရာ များစွာရရှိလေ့ရှိသည်။ သာဓကအနေဖြင့် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာဦးဆောင်သော ထိုင်းရတ်ထိုင်းပါတီသည် ကျေးလက်နေပြည်သူများ၏ ထောက်ခံမှုများစွာရရှိခဲ့ပြီး ရှင်နာဝပ်ထရာမျိုးရိုးသည် ထိုင်းဝန်ကြီးချုပ်တာဝန်များကို အကြိမ်ကြိမ် ထမ်းဆောင်ခွင့်ရရှိခဲ့သည်။ သို့သော် သက်ဆင်ထောက်ခံသူများနှင့် ယှဉ်ပြိုင်လိုသူအုပ်စုများ၊ အထူးသဖြင့် ရှပ်ဝါနှင့်ရှပ်နီတို့ကြား ပြိုင်ဆိုင်မှုများပြင်းထန်လာသဖြင့် တပ်မတော်မှအာဏာသိမ်းမှုများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့သည်။

သို့သော် ထိုင်းနိုင်ငံတွင် မည်သည့်အစိုးရအုပ်ချုပ်သည်ဖြစ်စေ တိုင်းပြည်စီးပွားတိုးတက်ရေးကိုသာ ဦးစားပေးဆောင်ရွက်လေ့ရှိကြသည်။ ပြည်သူများကလည်း စိမ်းသည်ဖြစ်စေ၊ နီသည်ဖြစ်စေ ကိုယ်ကျိုးစီးပွားထက် တိုင်းပြည်စီးပွားရေးကို အလေးထားဖော်ဆောင်နိုင်မည့် အုပ်ချုပ်သူမှန်သမျှကို လက်ခံလေ့ရှိကြသည်။ ဆိုရလျှင် ထိုင်းနိုင်ငံအနေဖြင့် စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးပြီး စစ်အာဏာသိမ်းမှုများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့သော်လည်း ပြည်သူများ၏နိုင်ငံရေးရေချိန်မြင့်မားမှုကြောင့် တိုင်းပြည်စီးပွားရေးမှာ စဉ်ဆက်မပြတ် တိုးတက်လျက်ရှိပေသည်။ လာမည့်ရွေးကောက်ပွဲ၌လည်း မည်သည့်ပါတီအနိုင်ရရှိသည်ဖြစ်စေ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဖော်ဆောင်သွားမည်မှာ အသေအချာပင်ဖြစ်ပေသည်။

**ကိုးကား**

- **Party Policies, Factional Politics, and the 2023 Election in Thailand by The Diplomat**

မောင်သောင်းဝင်း(တမန်ဟောင်း)

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Roscongress Investments Fund of Russian Federation


Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives delegation led by Director SHATIROV Alexander Sergeevich of Roscongress Investments Fund of Russian Federation.

**Nay Pyi Taw March 14**

A delegation led by Director SHATIROV Alexander Sergeevich of Roscongress Investments Fund of Russian Federation paid a courtesy call on Chairman of State Administration Council Prime Minister Senior General Min Aung Hlaing at the parlour of the Office of the Chairman of the State Administration Council in Nay Pyi Taw this afternoon.

The Senior General and the delegation cordially exchanged views on turning minerals and natural resources of Myanmar into value-added products and research programs to conserve the natural resources, export of Myanmar's farm and fishery products to Russian Federation, bilateral trade promotion, turning Myanmar's forest products into modern furniture and utensils by applying advanced technology, pulp production, establishment of direct flights between the two countries and tourism development through bilateral cooperation, Russian research program for development of Myanmar's transport sector, Russian investments in Myanmar, future programs for further development of bilateral friendship and cooperation.

After the call, the Senior General and the director of Roscongress Investments Fund exchanged commemorative gifts and posed for documentary photographs together with attendees.

Also present at the courtesy call together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo and Union Minister for Investment and Foreign Economic Relations Dr Kan Zaw. Director SHATIROV Alexander Sergeevich was accompanied by delegation members and officials of Russian Embassy in Myanmar. 100

# Trade amount of Maungdaw border trade station exceeds the target in 2022-2023 FY

**Maungdaw March 14**

The Maungdaw border trade station in Rakhine State will be able to meet and exceed the target trade volume for the 2022-2023 FY, according to reports from the Ministry of Commerce on February 11.

Maungdaw border trade station is a border trade station that conducts border trade operations with Bangladesh.

Maungdaw border trade station mainly exports and sells fishery products as well as agricultural products, forestry products and industrial finished products to Bangladesh.

Also, investment materials, commercial goods and consumer goods from Bangladesh are being imported.

Therefore, the goal is to export US$11 million worth of products and import US$0.5 million worth of products, totaling US$11.5 million in 2022-2023 FY.

The trade station exported US$15.865 million worth of products and imported US$0.044 million worth of products, totaling US$15.909 million between April 1 and March 3.

In addition, the Maungdaw border trade station was able to achieve a trade surplus of US$15.821 million during this period. 336

# Aukus deal: US, UK and Australia agree on nuclear submarine project

**Washington March 14**

The US, UK and Australia have unveiled details of their plan to create a new fleet of nuclear-powered submarines, aimed at countering China's influence in the Indo-Pacific region.

Under the Aukus pact Australia is to get its first nuclear-powered subs - at least three - from the US.

The allies will also work to create a new fleet using cutting-edge tech, including UK-made Rolls-Royce reactors.

Beijing has strongly criticised the significant naval deal.

Its foreign ministry on Tuesday accused the three nations of "walking further and further down the path of error and danger".

China's UN mission had earlier also accused the Western allies of setting back nuclear non-proliferation efforts.

But US President Joe Biden said the deal was aimed at bolstering peace in the region and stressed the submarines would be "nuclear-powered, not nuclear-armed".

Speaking alongside the UK and Australian prime ministers - Rishi Sunak and Anthony Albanese - in San Diego, California, Mr Biden said the deal would not jeopardise Australia's commitment to being a nuclear-free country.

For Australia, it is a major upgrade to the US ally's military capabilities. The country becomes just the second after the UK to receive Washington's elite nuclear propulsion technology.

BBC

# Storm Freddy: Malawi declares state of disaster as death toll rises to 99

**Lilongwe March 14**

At least 99 people have died in Malawi after Tropical Storm Freddy ripped through southern Africa for the second time in a month.

Terrifying amounts of brown water have cascaded through neighbourhoods, sweeping away homes.

Malawi's commercial hub, Blantyre, has recorded the most deaths - 85, including 36 in a landslide.

The government has declared a state of disaster in 10 districts that have been hardest-hit by the storm.

Rescue workers are overwhelmed, and are using shovels to try to find survivors buried in mud.

"We have rivers overflowing, we have people being carried away by running waters, we have buildings collapsing," police spokesman Peter Kalaya told the BBC.

The death toll is expected to rise as some areas remain cut off because of relentless rain and fierce wind.

Officials at the main referral hospital in Blantyre said they could not cope with the sheer number of bodies that they were receiving.

They appealed to bereaved families to collect the corpses for burial as the hospital's mortuary was running out of space.

The storm has also crippled Malawi's power supply, with most parts of the country experiencing prolonged blackouts.

BBC


The storm has destroyed transport infrastructure including roads and bridges.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses plenary meeting (1/2023) of Peasant's Rights Protection and Interests Promotion Leading Committee



Vice-Senior General Soe Win addresses plenary meeting (1/2023) of Peasant's Rights Protection and Interests Promotion Leading Committee.

**Nay Pyi Taw March 14**

Meeting (1/2023) of the Peasant's Rights Protection and Interests Promotion Leading Committee was held at the meeting hall of the Ministry of Agriculture, Livestock and Irrigation in Nay Pyi Taw at 1.30 pm today with an address by Head of the Peasant's Rights Protection and Interests Promotion Leading Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the meeting were members of the leading committee union ministers, the chairman of the Nay Pyi Taw Council, the governor of the Central Bank of Myanmar, deputy ministers, chairman of organization and officials while chief ministers and officials from the states and regions participated in the meeting through video conference.

First, the Vice-Senior General delivered a speech, saying that the purpose of the meeting is to implement the objectives of the Law for Protection of Peasants' Rights and Promotion of Peasants' Interests and provisions of its rules.

The agriculture sector makes up 23.7 percent of the gross domestic product and products of the agriculture and livestock breeding sector are important export items.

To enable farmers to enjoy the appropriate rights and interests of peasants, the Law for Protection of Farmers' Rights and Promotion of Interests has been enacted. Under section 4 of the law, the 39-member leading committee led by the Vice-Senior General has been reconstituted and tasks are being carried out precisely. Relevant working committees are required to carry out the tasks for protection of peasant's rights and promotion of peasants' interests.

The relevant work committees and teams are required to implement the tasks for protection of farmers rights and enhancement of interests of them. In accordance with the law, the reference price of paddy has been announced in November, 2022. Measures are being taken to form a committee to set the reference prices of crops.

Moreover, loans are being offered under the MEB two step loan program. Measures are being taken in cooperation with relevant departments to offer loans to those who have been permitted to use fallow, vacant and virgin land.

The Ministry of Electric Energy are required to offer technical assistance for solar projects and areas in need of water.

Similarly, to help overcome the difficulties of farmers in real time, the Agriculture Department has opened call centres and issued prices for input prices of inputs twice a week in cooperation with the Ministry of Cooperative and Rural Development. Moreover, with the aim of securing self-sufficiency of edible oil and developing the oil crop sector, expansion of oil crop cultivation has been carried out. The government has offered MMK 100.248 million loans to farmers to grow monsoon and winter sunflower. In addition, for the welfare of the people and reduction of cotton imports, the four year special project to expand cultivation of 700,000 acres of cotton is being implemented and 458,388 acres of cotton have been grown until 28 February, 2023.

It is planned to spend the State economic development fund on 500,000 acres of Mung bean and 850,000 acres of summer paddy.

On the other hand, it is necessary for regions and states to make plans to respond to natural disasters. It is to provide appropriate cash aid when crop plantations are damaged due to the natural disaster. Educational tasks for farmers and livestock entrepreneurs are to be continued for boosting production of agriculture and livestock products to meet the eating quality in the export market.

Plans are to be made systematically to ensure cultivation water and drinking water as well as to avoid damage of crop plantations due to the flooding. In the irrigated water system, 8855 WUGs (water use group) have been formed with 226930 farmers as of December 31, 2022. With these groups, 10 WUAs (water use association) has been formed. It is necessary to form more associations for farmers who enjoy irrigated water systems on a nation-wide basis.

To be able to transform the agriculture from manual farming into mechanized farming, farm machineries are sold in cash down payment and by installment as well as hired on payment. It is necessary to organize and form private groups rendering merchandised farming services as an association of farming services.

It is to carry out tasks to ensure land ownership for livestock framings and transport animal and animal products locally and import and export them. For fishery development in rural regions, the fishery project of Emerald Green is being implemented in 394 villages with Ks 3 million each.

To ensure recovery of socioeconomic life the people and economy of the nation that was down due to the COVID-19 pandemic, Ks 10 billion each was provided for Kayah, Chin and Rakhine states, eight billion each for Kachin, Kayin, Mon and Shan states and Tanintharyi Region, and five billion each for six self-administered regions, Ks 100 billion in total.

Protecting farmers' rights and enhancing their benefits are part of implementing the State Administration Council's objectives and policies as well as protecting the State's interests and ensuring its economic development. At this meeting, it is to openly discuss means to protect farmers' rights and enhance their benefits.

Then, Union Minister for Agriculture, Livestock and Irrigation U Min Naung, Secretary of the Peasant's Rights Protection and Interests Promotion Leading Committee, briefed on measures being taken by the body.

Afterwards, Members of the Body Union Ministers U Win Shein, Admiral Tin Aung San, Dr Thida Oo, U Maung Maung Ohn, U Hla Moe, U Khin Maung Yi, U Myo Myint Oo and U Aung Naing Oo, Nay Pyi Taw Council Chairman U Tin Oo Lwin, Governor of Central Bank of Myanmar Daw Than Than Swe, chief ministers of regions and states and chairmen of associations briefed on sector-wise tasks being carried out for protection of farmers' rights and enhancement for their rights and tasks to be done.

Then, the Vice-Senior General gave concluding remarks on the reports and made coordination on them.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# သဘာဝတရား၏ အံ့သြဖွယ်အရာများ

ခိုင်ဇင်

သဘာဝတရားကြီးသည် လှပပြီး အံ့သြဖွယ်ကောင်းလှသည့် အရာများကို ဖန်တီးပေးတတ်သည်။ တစ်ခါတစ်ရံ ၎င်းတို့သည် အမှန်တကယ်တည်ရှိကြောင်း ယုံကြည်ရန်ပင် ခက်ခဲပေသည်။ ကျွန်ုပ်တို့၏နေ့စဉ်ဘဝတွင် မတွေးတောမိသော အံ့သြဖွယ်အရာတချို့ကို တွေ့ကြုံကြရလေ့ရှိပြီး ထိုအရာများသည် ယုံကြည်ရန်ခက်ခဲသော်လည်း အစစ်အမှန်ဖြစ်သည်ကို ဗဟုသုတအနေဖြင့် ဖော်ပြသွားပါမည်။

**အန္တာတိကရှိ သွေးရေတံခွန်**



အန္တာတိကသည် ကမ္ဘာပေါ်တွင် အအေးဆုံးနေရာဖြစ်ပြီး သွေးရောင်ရေများစီးဆင်းနေသောရေတံခွန်များကို တွေ့မြင်နိုင်သည်။ သွေးရေတံခွန်များသည် Taylor ရေခဲမြစ်မှထွက်သည့် ရေများဖြစ်သည်။ အန္တာတိကတိုက်၊ ဗစ်တိုးရီးယားမြေပြင်ရှိ McMurdo Dry တောင်များထဲမှTaylor တောင်ကြားတွင်ရှိသည့် Bonney ရေကန်၏အနောက်ဘက် ရေခဲဖုံးနေသောမျက်နှာပြင်ပေါ်မှ စီးဆင်းလာခြင်းဖြစ်သည်။ ဩစတြေးလျဘူမိဗေဒပညာရှင် Griffith Taylor က သွေးရောင်သန်းနေသော နီညိုရောင်ရေတံခွန်ကို ၁၉၁၁ ခုနှစ်က ပထမဆုံးရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယခင်က ရေညှိမှ ရေအရောင်ပြောင်းခြင်းကြောင့်ဟု ယူဆခဲ့သော်လည်း ၎င်းယူဆချက်ကို အတည်ပြုနိုင်ခြင်းမရှိခဲ့ပေ။ ထို့နောက် Alaska Fairbanks တက္ကသိုလ်က သုတေသနပြုမှုကြောင့် ဤလျှို့ဝှက်ဆန်းကြယ်မှုကို နောက်ဆုံးတွင်ဖြေရှင်းနိုင်ခဲ့သည်။ သွေးရေတံခွန်ရှိ အနီရင့်ရင့်အရောင်၏မူလဇာစ်မြစ်မှာ သံဓာတ်ပါသောရေငန်သည် အောက်ဆီဂျင်နှင့်ထိတွေ့သောအခါ ဓာတ်ပြုပြီး အနီရောင်အဖြစ်ပြောင်းလဲကာ စီးဆင်းနေသောရေများသည် အနီရင့်ရောင်အဖြစ်သို့ ပြောင်းလဲခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

**အရီဇိုးနားပြည်နယ်ရှိ လှိုင်းအသွင်တောင်စောင်း**



အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင်ရှိသည့် သဘာဝတရား၏ အံ့သြဖွယ်အကောင်းဆုံးအရာအဖြစ် တည်ရှိနေသော လှိုင်းအသွင်တောင်စောင်းများသည် Coyote Buttes ၏ တောင်စောင်းများပေါ်တွင် တည်ရှိသည်။ ထိုတောင်စောင်းများသည် လှိုင်းများအသွင်ကဲ့သို့ဖြစ်နေပြီး ၎င်းတို့ကို လှပသောအနီရောင်သဲကျောက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အံ့သြလှပဖွယ် သဲကျောက်ဖွဲ့စည်းမှုဖြစ်သော တောင်စောင်းများ၏ အရောင်စုံမှု၊ ဆန်းကြယ်လှသော လှိုင်းထနေသည့်ပုံစံများ၊ ကြမ်းတမ်းသောမျက်နှာပြင်ပုံစံများကြောင့် တောင်တက်သူများနှင့် ဓာတ်ပုံဆရာများအကြား နာမည်ကြီးသည်။ ထို့ပြင် ကမ္ဘာ့အကောင်းဆုံး တောင်တက်လမ်းများထဲမှတစ်ခုဖြစ်သကဲ့သို့ ဓာတ်ပုံရိုက်ရန် အကောင်းဆုံးနေရာတစ်ခုလည်းဖြစ်သည်။

**မော်လ်ဒိုက်၏ တောက်ပသောကမ်းခြေ**

မော်လ်ဒိုက်နိုင်ငံ Vaadhoo ကျွန်းကမ်းစပ်သည် ကောင်းကင်မှကြယ်များကို ရေပြင်တွင် ရောင်ပြန်ဟပ်သောကြောင့် တလက်လက်ဖြင့် တောက်ပနေသည်ဟုထင်ရသည်။ ထိုတောက်ပနေသော အပြာရောင်



လှိုင်းများသည် ဇီဝအလင်း သို့မဟုတ် ဇီဝဖြာထွက်မှုကြောင့်ဖြစ်သည်။ လှိုင်းများတွင် ဖော့ပလန်တွန်ဟုခေါ်သော အဏုဇီဝအဏုဇီဝများ၏ဓာတ်များပါသည့်အတွက်ဖြစ်သည်။ Vaadhoo ကျွန်းသည် ကမ္ဘာပေါ်တွင် ကောင်းကင်ဘုံကဲ့သို့ စိတ်ကူးယဉ်ဆန်လှသောနေရာတစ်ခုအဖြစ်လည်း လူသိများသည်။ ညဘက်၌ တောက်ပနေသော ကမ်းခြေများကြောင့် လည်ပတ်သူဧည့်သည်များကြားတွင်ထင်ရှားပြီး ၎င်းကို "ကြယ်ပင်လယ်" ဟုလည်းဆိုကြသည်။ Vaadhoo ကျွန်းပတ်လည်ရှိ ရေများသည် ညဘက်တွင် စူးရှတောက်ပပြီး မှန်တစ်ချပ်ကဲ့သို့ပင် ကြည်လင်နေတတ်သည်။

**ဘိုလီးဗီးယားနိုင်ငံရှိ ရောင်ပြန်ဆားပြင်**



အိပ်မက်ဆန်သောဓာတ်ပုံများဖန်တီးရန်၊ ကောင်းကင်နှင့်မြေပြင်တို့ ပေါင်းစပ်ထားသည့် အံ့သြဖွယ်ရာရှုခင်းအလှများကိုကြည့်ရှုနိုင်ရန် ဘိုလီးဗီးယားသို့ အလည်သွားသင့်သည်။ ဘိုလီးဗီးယားရှိ Salar de Uyuni ဆားပြင်ကြီးသည် ဧရိယာစတုရန်း ၁၀၅၈၂ ကီလိုမီတာ ကျယ်ဝန်းပြီး ကမ္ဘာ့အကြီးဆုံး ဆားပြင်ကြီးဖြစ်သည်။ Salar de Uyuni ဆားပြင်သည် ရေခဲပြင်နှင့်တူသော်လည်း ရေခဲပြင်မဟုတ်သော မြေပြင်တွင်ဖြစ်ပေါ်နေသည့် ဆားအလွှာဖြင့် ဖုံးအုပ်ထားသောဆားပြင်ကြီးဖြစ်သည်။ ထိုဆားပြင်ကြီးသည် နေ၏အလင်းရောင်ကြောင့် ရောင်ပြန်ဟပ်ကာ ကောင်းကင်ကို မြေပြင်ပေါ်တွင် ကောင်းစွာမြင်နေရသည်။ မြေပြင်ကို ဆားအလွှာက မီတာအနည်းငယ်ဖုံးအုပ်ထားပြီး ဆားပြင်ဧရိယာတစ်ခုလုံးသည် ပုံမှန်မြေမျက်နှာပြင်အမြင့်ထက်မြင့်ကာ ကျယ်ပြန့်ပြောင်ချောနေသည်။ Salar de Uyuni သည် မိုးရွာသောအခါ ကမ္ဘာပေါ်တွင် အကြီးဆုံးမှန်ကဲ့သို့ ဖြစ်လာပြီး မယုံကြည်နိုင်လောက်အောင် ရောင်ပြန်ဟပ်နေတတ်ကာ လှပသောသဘာဝရှုခင်းကို မြင်တွေ့နိုင်သည်။

**မက္ကဆီကိုနိုင်ငံရှိ မြေအောက်တွင်းနက်**



သဘာဝတရားသည် အံ့သြဖွယ်ရာများကို ဖန်တီးပေးသဖြင့် တစ်ခါတစ်ရံတွင် အမှန်တကယ်ပင် ယုံကြည်ရခက်နေတတ်သည်။ မက္ကဆီကိုရှိ ဤမြေအောက်တွင်းနက်သည် ၎င်းတို့ထဲမှတစ်ခုဖြစ်သည်။ Cenote ခေါ် တွင်းနက်ရေကန်သည် မြေအောက်ရေတိုက်စားရာမှ ထုံးကျောက်အုတ်မြစ်များ ပြိုကျမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝတွင်းများဖြစ်သည်။ သဘာဝတွင်းနက်ရေကန်များစွာကို မက္ကဆီကိုနိုင်ငံ Yucatán ကျွန်းဆွယ်တွင်တွေ့နိုင်သည်။ Yucatán ကျွန်းဆွယ်တွင် သဘာဝတွင်းနက် ရေကန်ပေါင်း ၇၀၀၀ ခန့်ရှိသည်။ ရှေးခေတ် မာယာလူမျိုးများသည် ယဇ်ပူဇော်ရန်အတွက် ထိုတွင်းနက်များကို တစ်ခါတစ်ရံတွင် အသုံးပြုကြသည်။ ထို့ကြောင့် မာယာလူမျိုးများသည် ထိုသဘာဝရေတွင်းများကို လေးစားတန်ဖိုးထားကြသည်။ ထို့ပြင် ခြောက်သွေ့သောအချိန်များတွင် ၎င်းတွင်းများသည် မာယာလူမျိုးများအတွက် ရေအရင်းအမြစ်လည်းဖြစ်သည်။

**ပါကစ္စတန်နိုင်ငံရှိ တစ္ဆေသစ်ပင်များ**



ပါကစ္စတန်နိုင်ငံရှိ နေရာတော်တော်များသည် နှစ်စဉ် ရေကြီးလေ့ရှိသည်။ ထိုသို့ရေကြီးခြင်းကြောင့် ယခုကဲ့သို့မမျှော်လင့်ထားသော သစ်ပင်များ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ရေကြီးရေလွှမ်းမိုးသောအခါ သန်းပေါင်းများစွာသော ပင့်ကူများသည် ရေကြီးရေလျှံမှုမှ လွတ်မြောက်ရန် သစ်ပင်များပေါ်သို့ တက်လာကြပြီး ပင့်ကူမျှင်များဖြင့် အိမ်ဖွဲ့၍နေကြသည်။ ရေကြီးရေလျှံမှုမပြီးမချင်း ပင့်ကူများသည် နေအိမ်များဆောက်ကာ နေထိုင်ကြလေ့ရှိသည်။ ရေလျော့နည်းသွားသည့်အခါ သစ်ပင်တစ်ပင်လုံးတွင် ပင့်ကူမျှင်များဖြင့် ဖုံးလွှမ်းသွားသဖြင့် တစ္ဆေသစ်ပင်များကဲ့သို့ ဖြစ်သွားကြသည်။ ထိုသည်မှာ သဘာဝဘေးဖြစ်သော ရေကြီးခြင်း၏ ဘေးထွက်ဆိုးကျိုးတစ်ခုဖြစ်ပေသည်။

**ကာဇက်စတန်နိုင်ငံ Kaindy ရေကန်ရှိ ရေအောက်သစ်တော**



နစ်မြုပ်နေသော ရေအောက်သစ်တောသည် ကာဇက်စတန်နိုင်ငံ Almaty မြို့အနီးတွင်ရှိသော မီတာ ၄၀၀ အရှည်ရှိသည့် Kaindy ရေကန်ကြီး၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ၁၉၁၁ ခုနှစ် ကီဘင် ငလျင်ကြောင့် ကြီးမားသော ထုံးကျောက်မြေပြိုမှု ဖြစ်ပွားခဲ့ကာ အဆောက်အအုံ ၇၀၀ ကျော် ပျက်စီးခဲ့သည့်အပြင် ထိုမြေပြိုမှုကြောင့် ရေကန်ကြီးဖြစ်ပေါ်လာခဲ့သည်။ အချိန်ကြာလာသည်နှင့်အမျှ မိုးရေကြောင့် ရေကြီးရေလျှံပြီး ထိုနေရာအနီးတွင် ပေါက်နေသော သစ်ပင်များကို ဖုံးလွှမ်းသွားခဲ့ကာ သစ်ပင်များသည် ရေကန်အတွင်းသို့ရောက်ရှိကုန်သည်။ ထို့ပြင် ရေကန်အတွင်းရှိသောရေသည် ထူးထူးခြားခြား အပြာရောင်တောက်ပနေသောကြောင့်လည်း နာမည်ကြီးသည်။

**Amazing Things In Nature You Won't Believe Actually Exist ကို ဘာသာပြန်ဆိုထားပါသည်။**

# မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ဧက ၆၀၀၀ ကျော်လျာထားစိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကိုတွေ့ရစဉ်။

**မုံရွာ မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်းဧက ၆၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် နွေနှမ်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၄၆၃ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၀ ဧက၊ အရာတော်မြို့နယ်တွင် ၂၈၈၄ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၃၀၇၀ စုစုပေါင်း နွေနှမ်း ၆၄၂၇ ဧကတို့ကို ဧပြီလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာခရိုင်မှာ နွေနှမ်းဧက ၆၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ နွေနှမ်းစိုက်ပျိုးမှုကတော့ လျာထားချက်ထက်တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းတိုးစေဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နွေနှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်လာပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် မုံရွာခရိုင်တွင် နွေနှမ်းစိုက်ပျိုးမှု တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် ဆောင်းနှမ်း ၆၆၉၉၀ ဧကစိုက်ပျိုးရန် လျာထားခဲ့ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ မုံရွာမြို့နယ်တွင် ၁၂၅၅၃ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၃၈၇၂ ဧက၊ အရာတော်မြို့နယ်တွင် ၂၄၇၂၇ ဧက၊ ချောင်းဦးမြို့နယ် တွင် ၁၅၃၅၇ ဧက စုစုပေါင်း ၆၆၅၀၉ ဧကတို့ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**မလှိုင် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သဲကန်အုပ်စု ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့်စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ဦးစီးအရာရှိ ဦးကျော်စိုးဝင်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များထံသို့ ရန်ပုံငွေကျပ် ၄၉ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့၏ ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်းကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း အဋ္ဌမအကြိမ်အဖြစ် ဆည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၂၅ ဒသမ ၅ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# အမ်းမြို့နယ် စမ်းကြီးကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အမ်း မတ် ၁၄**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စမ်းကြီးကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်စိုး၊ အမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်း၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေကော်မတီဝင်များနှင့်အတူ စမ်းကြီးကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရေကော်မတီဝင်များကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းရန် မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အမ်းမြို့နယ် စမ်းကြီးကျေးရွာ၌ အကျယ် ရှစ်ပေ၊ အနက် ပေ ၃၀ ရှိ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၈၈၁၅ သန်းဖြင့် ရွှေထူးကြီးကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် ဇူလိုင်လ ပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၁၃၈ အိမ်၊ လူ ၆၈၉ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေရရှိနေပြီဖြစ်ကြောင်း အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုသန်း**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၄-၃-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၁၈၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၀၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၉၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscongress Investment ရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး Mr. SHATIROV Alexander Sergeevich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကာလရှည်ကြာ ဆက်ဆံရေးကောင်းမွန်ပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရထား၊ ရေကြောင်း၊ လေကြောင်း စသော ပို့ဆောင်ရေးကဏ္ဍများနှင့် ဆက်သွယ်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ၊ ခရီးသွားကဏ္ဍ မြှင့်တင်ရေးအတွက် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းရေးကိစ္စရပ်များ၊ လျှပ်စစ်ရထား၊ လျှပ်စစ်မော်တော်ယာဉ်များ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ နည်းပညာဆိုင်ရာကိစ္စရပ်များ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ကျွမ်းကျင်သူပညာရှင်များအကြား အပြန်အလှန် ဆွေးနွေးနိုင်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscongress Investment ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်

**နေပြည်တော် မတ် ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှကုမ္ပဏီတစ်ခုက ယာဉ်တစ်စီးဖြင့် နှာခေါင်းစည်း (Mask) ၈ ဒသမ ၂၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကိုသက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်း၊ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Websiteဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မတ် ၁၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၆၅ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၅၃ ဦး |

**နေပြည်တော် မတ် ၁၄**

မတ် ၁၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၃၉၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် ရှစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် ရူပဗေဒဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၂၅၄၄ ဦးရှိ

**နေပြည်တော် မတ် ၁၄**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ကို ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရူပဗေဒဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၂၅၄၄ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ငါးခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၃၈ ခု စာစစ်ဌာနစုစုပေါင်း ၈၄၃ ခုဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေစုစုပေါင်း ၁၃၅၅၉၂ ရှိပြီး စာမေးပွဲပဉ္စမနေ့ ရူပဗေဒဘာသာရပ်လာရောက်ဖြေဆိုသူစုစုပေါင်း ၁၂၂၅၄၄ ဦး ရှိကာ ဖြေဆိုသူရာခိုင်နှုန်းအနေဖြင့် ၉၀ ဒသမ ၃၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

ပူးတွဲ

**အခြေခံပညာဦးစီးဌာန**

**၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

ဘာသာရပ်-ရူပဗေဒ

ရက်စွဲ၊ ၁၄-၃-၂၀၂၃

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိဦးရေ | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆို ရာနှုန်း | ပျက်ကွက် ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၅ | ၃၀ | ၈၃၀ | ၆၂၂၂ | ၇၀၅၂ | ၈၁၃ | ၅၇၂၂ | ၆၅၃၅ | ၁၇ | ၅၀၀ | ၅၁၇ | ၉၂.၆၇% | ၇.၃၃% | |
| ၂ | ကယား | ၃ | ၄ | ၄ | ၈၇ | ၄၉၅ | ၅၈၂ | ၈၇ | ၄၅၈ | ၅၄၅ | ၀ | ၃၇ | ၃၇ | ၉၃.၆၄% | ၆.၃၆% | |
| ၃ | ကရင် | ၆ | ၇ | ၁၃ | ၄၅၆ | ၁၈၂၉ | ၂၂၈၅ | ၄၂၃ | ၁၆၃၉ | ၂၀၆၂ | ၃၃ | ၁၉၀ | ၂၂၃ | ၉၀.၂၄% | ၉.၇၆% | |
| ၄ | ချင်း | ၆ | ၈ | ၁၃ | ၂၂၄ | ၁၂၂၃ | ၁၄၄၇ | ၂၀၃ | ၉၅၁ | ၁၁၅၄ | ၂၁ | ၂၇၂ | ၂၉၃ | ၇၉.၇၅% | ၂၀.၂၅% | |
| ၅ | စစ်ကိုင်း | ၁၄ | ၃၁ | ၅၀ | ၈၅၄ | ၅၆၉၀ | ၆၅၄၄ | ၈၀၂ | ၄၈၄၄ | ၅၆၄၆ | ၅၂ | ၈၄၆ | ၈၉၈ | ၈၆.၂၈% | ၁၃.၇၂% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၉ | ၉၇၄ | ၂၉၄၉ | ၃၉၂၃ | ၉၂၈ | ၂၆၅၀ | ၃၅၇၈ | ၄၆ | ၂၉၉ | ၃၄၅ | ၉၁.၂၁% | ၈.၇၉% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၂ | ၁၀၇၉ | ၅၁၃၆ | ၆၂၁၅ | ၁၀၃၉ | ၄၆၀၉ | ၅၆၄၈ | ၄၀ | ၅၂၇ | ၅၆၇ | ၉၀.၈၈% | ၉.၁၂% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၃ | ၈၇၃ | ၄၅၉၉ | ၅၄၇၂ | ၈၄၈ | ၄၁၇၆ | ၅၀၂၄ | ၂၅ | ၄၂၃ | ၄၄၈ | ၉၁.၈၁% | ၈.၁၉% | |
| ၉ | မကွေး | ၇ | ၂၄ | ၅၃ | ၆၆၁ | ၁၀၉၄၇ | ၁၁၆၀၈ | ၆၄၇ | ၉၉၄၆ | ၁၀၅၉၃ | ၁၄ | ၁၀၀၁ | ၁၀၁၅ | ၉၁.၂၆% | ၈.၇၄% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၉၇ | ၃၆၈၉ | ၁၈၀၄၆ | ၂၁၇၃၅ | ၃၅၉၂ | ၁၆၃၇၂ | ၁၉၉၆၄ | ၉၇ | ၁၆၇၄ | ၁၇၇၁ | ၉၁.၈၅% | ၈.၁၅% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၁၂၉၉ | ၄၂၆၅ | ၅၅၆၄ | ၁၂၂၈ | ၃၉၃၀ | ၅၁၅၈ | ၇၁ | ၃၃၄ | ၄၀၅ | ၉၂.၇၂% | ၇.၂၈% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၅၆ | ၂၀၅ | ၁၂၁၆၈ | ၁၂၃၇၃ | ၁၉၈ | ၁၀၆၂၃ | ၁၀၈၂၁ | ၇ | ၁၅၄၅ | ၁၅၅၂ | ၈၇.၄၆% | ၁၂.၅၄% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၈၂ | ၁၇၉၇ | ၂၂၇၆၆ | ၂၄၅၆၃ | ၁၇၆၇ | ၂၀၀၂၄ | ၂၁၈၉၁ | ၃၀ | ၂၆၄၂ | ၂၆၇၂ | ၈၉.၁၂% | ၁၀.၈၈% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၅၆ | ၁၄၇၆ | ၅၈၁၃ | ၇၂၈၉ | ၁၄၅၀ | ၅၂၁၀ | ၆၆၆၀ | ၃၆ | ၅၉၃ | ၆၂၉ | ၉၁.၃၇% | ၈.၆၃% | |
| ၁၅ | ရှမ်း(မြောက်) | ၉ | ၁၇ | ၂၀ | ၈၉၈ | ၂၂၈၇ | ၃၁၈၅ | ၈၅၅ | ၂၀၆၀ | ၂၉၁၅ | ၄၃ | ၂၂၇ | ၂၇၀ | ၉၁.၅၂% | ၈.၄၈% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၁၃၅ | ၁၀၄၆ | ၁၁၈၁ | ၁၃၀ | ၉၂၂ | ၁၀၅၂ | ၅ | ၁၂၄ | ၁၂၉ | ၈၉.၀၈% | ၁၀.၉၂% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၁၉၆ | ၁၆၆၄ | ၇၄၇၈ | ၉၁၄၂ | ၁၆၀၈ | ၆၇၅၇ | ၈၃၆၅ | ၅၆ | ၇၂၁ | ၇၇၇ | ၉၁.၅၀% | ၈.၅၀% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၉ | ၂၀၂ | ၅၂၂၀ | ၅၄၂၂ | ၂၀၀ | ၄၇၂၃ | ၄၉၂၃ | ၂ | ၄၉၈ | ၅၀၀ | ၉၀.၇၈% | ၉.၂၂% | |
| ၁၉ | နိုင်ငံခြား | | | ၅ | | ၉ | ၉ | | ၉ | ၉ | | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | ပြည်ထောင်စုချုပ် | ၁၂၄ | ၃၀၉ | ၈၄၃ | ၁၇၄၀၃ | ၁၁၈၁၈၉ | ၁၃၅၅၉၂ | ၁၆၈၀၈ | ၁၀၅၇၃၆ | ၁၂၂၅၄၄ | ၅၉၅ | ၁၂၄၅၃ | ၁၃၀၄၈ | ၉၀.၃၈% | ၉.၆၂% | |

မှတ်ချက်။ - ဘာသာတွဲ (၈)တွဲ ရှိသည့်အနက် ဘာသာတွဲ (၁၊၅၊၆၊၇၊၈) ရှိ ကျောင်းသားများ ဖြေဆိုကြပါသည်။ ဘာသာတွဲ (၂၊၃၊၄) ဖြေဆိုသည့် ကျောင်းသားများ ရပ်နားပါသည်။

- စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်နှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ အဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး Mr. SHATIROV Alexander Sergeevich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရုံးအမှတ်-(၂၈) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ဓာတ်သတ္တုလုပ်ငန်းများ စနစ်တကျစီမံခန့်ခွဲနိုင်ရေးအတွက် လိုအပ်သော နည်းပညာ၊ သတင်းအချက်အလက် စုဆောင်းရယူခြင်း၊ ကျွမ်းကျင်မှုကိစ္စရပ်များနှင့် စက္ကူပျော့ဖတ်စက်ရုံ တည်ထောင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာန၊လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့အဖြစ် ရူပဗေဒဘာသာရပ် ဆက်လက်ဖြေဆို



**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် ကျောင်းသား၊ ကျောင်းသူများ ရူပဗေဒဘာသာရပ်ဖြေဆိုနေမှုကို တွေ့ရစဉ်။**

**နေပြည်တော် မတ် ၁၄**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၈ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် ပဉ္စမနေ့အဖြစ် ရူပဗေဒဘာသာရပ်ကိုတိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊ မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။ယင်းသို့ ကျောင်းသား၊ ကျောင်းသူများစိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၄ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၃၈ ခု စာစစ်ဌာန စုစုပေါင်း ၈၄၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၃၅၅၉၂ ဦးရှိပြီး စာမေးပွဲပဉ္စမနေ့အဖြစ် ရူပဗေဒဘာသာရပ်ကိုလာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၂၅၄၄ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၀ ဒသမ ၃၈ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။



**၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် ရူပဗေဒဘာသာရပ်ကို စိတ်အေးချမ်းသာစွာဖြေဆိုပြီးနောက်ပြန်လည်ထွက်လာသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းအား ဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာန တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ယုယုခင်အား ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

**၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။**

**၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။**

**၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ် မှ **"လူငယ်တွေရဲ့ပညာရေးလမ်းကြောင်းကို ဖျက်ဆီးနှောင့်ယှက်နေတဲ့ PDF များ"** ခေါင်းစဉ်ဖြင့် ၁၅-၃-၂၀၂၂ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရွှေစာရံဘုရားသို့သွားရောက်သည့် ဘုရားဖူးယာဉ်ကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ်အပါအဝင် ပြည်သူသုံးဦးသေဆုံးမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၅-၃-၂၀၂၃ (ဗုဒ္ဓဟူးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၂။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၃။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၄။ | ၁၉:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၅။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

# အငှမအကြိမ် တိုင်းဒေသကြီးသံဃာ့ဝန်ဆောင်အဖွဲ့၏ ပဋ္ဌမအစည်းအဝေးကျင်းပ



**မန္တလေး မတ် ၁၄**

အငှမအကြိမ် မန္တလေးတိုင်းဒေသကြီး သံဃာ့ဝန်ဆောင်အဖွဲ့၏ ပဋ္ဌမအစည်းအဝေးကို မဟာအောင်မြေမြို့နယ်ရှိ မဟိုးရိမ်တိုက်သစ် ဓမ္မမဟိဒ္ဓိ လေးထပ်ကျောင်းဆောင်တွင် ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(သုဓမ္မာ)မဟိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသအမှူးပြုသော တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်ဆရာတော်များ ကြွရောက်တော်မူကြသည်။

ဦးစွာ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝါသဝသိရိက အစည်းအဝေးသို့တက်ရောက်ရာနိုင်နှုန်းကို ဖတ်ကြားလျှောက်ထားကာ အစည်းအဝေးထမြောက်အောင်မြင်ကြောင်း လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များနှင့် ညွှန့်ပရိသတ်တို့က သာသနသာစလောကသာစသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ရမည်းသင်းမြို့နယ် ရန်အောင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒါဘာသကဩဝါဒကထာ ချီးမြှင့်ပြီးနောက် အစည်းအဝေး၏ သဘာပတိ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ)မဟိုးရိမ်တိုက်သစ်ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသက သာရဏီယဩဝါဒကထာ မိန့်ကြားတော်မူခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒါစရိယဆရာတော်ကြီးများ၊ သံဃနာယကဆရာတော်ကြီးများအား နဝကမ္မဝတ္ထုငွေများဆက်ကပ်လှူဒါန်းကာ အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီး ဇယန္တောဇောဓိယာမူလေစသောနှစ်ဂါထာကိုရွတ်ဆို၍ အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲများကျင်းပနေသည့် ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာဖြေဌာနများသို့သွားရောက်၍ကျောင်းသားကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ပဋ္ဌမနေ့ ရူပဗေဒဘာသာရပ်အား အေးချမ်းစွာဖြေဆိုနေကြမှုများကို လိုက်လံကြည့်ရှုရာ တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းအောင်နှင့် တာဝန်ရှိသူများ၊ စာစစ်ဌာနကြီးကြပ်ရေးမှူးများက စာမေးပွဲနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု၊ စာရင်းရှိ ဖြေဆို၊ ပျက်ကွက်အခြေအနေများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မန္တလေးမြို့တွင် မြန်မာရိုးရာမဟာသင်္ကြန်ပွဲတော် စည်းကားသိုက်မြိုက်စွာကျင်းပရေး တတိယအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



**မန္တလေး မတ် ၁၄**

မန္တလေးမြို့တွင် ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်ပျော်ရွှင်စွာ ဆင်နွှဲသွားနိုင်ရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သုံးထပ်ဆောင် အစည်းအဝေးခန်းမတွင် မတ် ၁၃ ရက် မွန်းလွဲပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကျောင်းများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းကော်မတီများအလိုက် တာဝန်ရှိသူများက သင်္ကြန်အကြိုနေ့ညနေပိုင်း၌ ဇယိုမဏ္ဍပ်ရှေ့တွင် ကျောင်းသူ ဦးရေ ၅၀၀ ဖြင့် သင်္ကြန်ပွဲတော်အား ဖွင့်လှစ်သွားရန် စီစဉ်ထားမှု၊ မဏ္ဍပ်နေရာများ ချထားပြီးစီးမှု၊ ယိမ်းအကပြိုင်ပွဲ စီမံထားရှိမှု၊ ကျုံးအနောက်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းတို့တွင် ရေတုပ်စက်များဖြင့် ရေကစားနိုင်ရန် လျှောက်ထားလာသူများအား လက်ခံပေးနေမှု၊ နာရီစင်အနီး ဈေးချိုသူရေကစားမဏ္ဍပ်တွင် မြို့မတေးဂီတအဖွဲ့မှ ဖျော်ဖြေသွားရန်စီစဉ်ထားမှု၊ ယာဉ်အဝင်၊ အထွက်လမ်းများနှင့် ယာဉ်အပ်နှံရမည့်နေရာများ သတ်မှတ်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ နှစ်ဆန်း ၁ ရက်တွင် အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲ၊ အသက် ၉၀ နှင့်အထက် သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲနှင့် ကျုံးရေပြင်အတွင်း ဗီဇီတဒါနငါးလွှတ်ပွဲများကို ကျင်းပသွားမည့် အစီအမံများကိုလည်းကောင်း လုပ်ငန်းကော်မတီအလိုက် တင်ပြဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မျိုးကျော်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အေးသာယာရပ် မြို့ပတ်လမ်း အမှတ်(၁/၈၉) တွင် ပါတီရုံးချုပ်တည်ရှိသော **ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ** **[Shan-Ni Solidarity Party (S.S.P)]**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၁၃-၃-၂၀၂၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan-Ni Solidarity Party (S.S.P)] ၏ အလံပုံစံ**



**ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan-Ni Solidarity Party (S.S.P)]၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးရပ်ကွက် ကာယ(၁၂)လမ်း အမှတ် (၄/၃၆၁) တွင် ပါတီရုံးချုပ်တည်ရှိသော **လူထုပါတီ (The Party for People)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၁၃-၃-၂၀၂၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လူထုပါတီ (The Party for People) ၏ အလံပုံစံ**



**လူထုပါတီ (The Party for People) ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လားရှိုးမြို့ အထွေထွေရောဂါကုဆေးရုံကြီး(ခုတင်-၅၀၀)ရှိ ကျန်းမာရေးဝန်ထမ်းများနှင့် အာဟာရဒါန အခမဲ့ကျွေးမွေးရေးအဖွဲ့တို့အတွက် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်း



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ကျန်းမာရေးဝန်ထမ်းများနှင့် အာဟာရဒါန အခမဲ့ကျွေးမွေးရေးအဖွဲ့တို့အတွက် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် မတ် ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၅၀၀)၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိ စစ်သည်၊ မိသားစုများကလှူဒါန်းသည့် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ယနေ့ နေ့လယ်ပိုင်းတွင် အဆိုပါဆေးရုံကြီး၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အာဟာရဒါနကျွေးမွေးရေးအဖွဲ့တို့အတွက် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြပြီး ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် တိုင်းမှူးက ကျန်းမာရေးဝန်ထမ်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၁၄**

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **စမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**နှင့် **ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (United Nationalities Democracy Party)** တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ခြောက်ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသောပါတီ ၁၇ ပါတီဖြစ်၍ စုစုပေါင်း ၂၃ ပါတီဖြစ်သည်။ ယင်း ၂၃ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ငါးပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာစည်းရုံးမည့် ပါတီ ၁၈ ပါတီဖြစ်ပြီး အဆိုပါပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် စနဲမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ မျက်စိခွဲစိတ်လူနာများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေး

**နေပြည်တော် မတ် ၁၄**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ရခိုင်ပြည်နယ် စနဲမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော မျက်စိခွဲစိတ်လူနာ ကိုးဦးကို ဆေးရုံရေယာဉ်(သံလွင်)ပေါ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

အဆိုပါ မျက်စိခွဲစိတ်လူနာများကို တာဝန်ရှိသူများက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြား၍ မျက်မှန်များတပ်ဆင်ပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ဒေသခံပြည်သူ ခွဲစိတ်လူနာများကို စနဲမြို့ဆိပ်ခံတံတားသို့ တပ်မတော်ရေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးကြသည်။

ဆက်လက်၍ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စနဲမြို့နယ်မှ မြေပုံမြို့နယ်သို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



ဒေသခံမျက်စိခွဲစိတ်လူနာတစ်ဦးကို မျက်မှန်တပ်ဆင်ပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၄**

ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက နမ့်စန်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းများ၏ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် စံပြအာက်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်းကောင်း အသီးသီး သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ ရောက်ရှိ




**နေပြည်တော် မတ် ၁၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် NPK Motor Co.,Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ်အားသွင်းစက် (EV Charger) 60 KW ငါးစုံသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးယာဉ် အားသွင်းစက်များတင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- ➤ နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ➤ ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ညောင်ရွှေအကျဉ်းထောင်တွင် အကျဉ်းသားအချို့ ထွက်ပြေးရန်ကြံစည်ရာမှ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပွားခဲ့မှုအပေါ် သတင်းထုတ်ပြန်



အကျဉ်းသားအချို့ လှေကားလက်ရန်းတန်းမှ သစ်သားချောင်းများဖြုတ်ယူထားသည့် မှတ်တမ်းဓာတ်ပုံ။



အကျဉ်းသားအချို့ လှေကားလက်ရန်းတန်းမှဖြုတ်ယူထားသည့် သစ်သားချောင်းများ၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မတ် ၁၄**

၂၀၂၃ ခုနှစ် မတ် ၁၄ ရက် နံနက် ၈နာရီခွဲတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ညောင်ရွှေအကျဉ်းထောင်အတွင်းရှိ နှစ်ထပ်အိပ်ဆောင်တစ်ခုမှ အကျဉ်းသား ၁၅ ဦးခန့်သည် အိပ်ဆောင်လှေကားရှိ သစ်သားလက်ရန်းတန်းများကို ချိုးဖျက်ပြီး အိပ်ဆောင်တာဝန်ကျ အကျဉ်းထောင်ဝန်ထမ်း နှစ်ဦးကို ရိုက်နှက်တိုက်ခိုက်၍ အုတ်ရိုးကျော်တက်ထွက်ပြေးရန် ကြံစည်ကြိုးစားခဲ့ကြကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် အကျဉ်းသား ၁၅ ဦးခန့်သည် ၎င်းတို့၏အိပ်ဆောင်များရှိလှေကား သစ်သားလက်ရန်းတန်းများကို ချိုးဖျက်၍ လက်နက်အဖြစ်အသုံးပြုခြင်း၊ ဝန်ထမ်းများကို အကြမ်းဖက်တိုက်ခိုက်ရန်မူခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး အိပ်ဆောင်ဝင်းအနောက်ဘက်မှတစ်ဆင့် အုတ်ရိုးကျော်တက်ထွက်ပြေး



အကျဉ်းသားအချို့ အဝတ်လှန်းတန်းနှင့် ဓာတ်တိုင်ကို ဖျက်ဆီးထားသည့်မှတ်တမ်းဓာတ်ပုံ။



အကျဉ်းသားအချို့၏ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အကျဉ်းထောင် ဒုတိယကြီးကြပ်ရေးမှူး၏ မှတ်တမ်းဓာတ်ပုံ။



အကျဉ်းသားအချို့၏ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အကျဉ်းထောင် တပ်ကြပ်၏ မှတ်တမ်းဓာတ်ပုံ။

ရန် ကြိုးစားခဲ့ကြရာ တာဝန်ကျဝန်ထမ်းများက အကြမ်းဖက်မှုများမပြုလုပ်ရန်ဖျောင်းဖျပြောဆိုခြင်း၊ မျှော်စင်တာဝန်ကျဝန်ထမ်းက သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်ခြင်းများ ဆောင်ရွက်ခဲ့သော်လည်းအကျဉ်းသားများသည် နာခံမှုမရှိဘဲ အော်ဟစ်ပြီး CCTV ကြိုးများဖျက်ဆီးခြင်း၊ ဆိုလာဓာတ်မီးတိုင်ကို ဖျက်ဆီးခြင်း၊ အနီးပတ်ဝန်းကျင်ရှိ ခဲများဖြင့် အစောင့်ဝန်ထမ်းများကို ပစ်ပေါက်တိုက်ခိုက်ခြင်းများ ထပ်မံပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ ဆူပူမှုများကို အကြောင်းပြု၍ အခြားအိပ်ဆောင်များရှိ အကျဉ်းသား၊ အချုပ်သားများကလည်း ဆူပူမှုများ ထပ်မံမပြုလုပ်လာစေရေးနှင့် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးတို့အတွက် မျှော်စင်တာဝန်ကျဝန်ထမ်းက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ သေနတ် ငါးချက်ခန့် ပစ်ခတ်၍ နံနက် ၉ နာရီတွင် အခြေအနေကို တည်ငြိမ်အောင် ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားမှုကြောင့် အကျဉ်းထောင်ဝန်ထမ်းနှစ်ဦးဒဏ်ရာရရှိခဲ့ပြီး အကျဉ်းသားတစ်ဦးမှာ သေဆုံးခဲ့ကာ အကျဉ်းသားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပဏာမစိစစ်မှုအရသိရှိရသည်မှာ အကြမ်းဖက်ပြစ်မှုများ ကျူးလွန်ခဲ့ကြပြီး ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားအချို့ကဦးဆောင်၍ ထွက်ပြေးရန်ကြံစည်ကြိုးပမ်းခဲ့ခြင်းကြောင့် အခြားအကျဉ်းသားများကလည်း ပါဝင်ခဲ့ကြခြင်းဖြစ်ပြီး ဖြစ်စဉ်မှန်ပေါ်ပေါက်စေရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဖော်ထုတ်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဘုရားသုံးဆူကျေးရွာနေ မျိုးမင်းမင်းသန့်(ခ) ခင်မောင်ချင်း (ခ) သက်ပိုင်ထူးသည် ၎င်းအသုံးပြုသည့် "Myo Min Min Thant" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ကန်တပ်ကီပြည်နယ်တွင် ရေဘေးသင့်သူများကို အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့်ပံ့ပိုးမည်



**ဝါရှင်တန် မတ် ၁၄**

အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ်တွင် ၂၀၂၂ ခုနှစ် ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်သူများကို ပြန်လည်ထူထောင်ရေးအတွက် လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့် ပံ့ပိုးပေးသွားမည်ဟု အမေရိကန်အထက်လွှတ်တော်အမတ်များ၏ခေါင်းဆောင် မစ်ချ်မက်ကောနယ်လ်က မတ် ၁၃ ရက်က ပြောကြားခဲ့ကြောင်း WYMT သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

အဆိုပါရန်ပုံငွေကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဌာနက ကန်တပ်ကီပြည်နယ်အတွင်းရှိ ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရသည့် ခရိုင် ၂၀ ကို ပံ့ပိုးပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သောနှစ် ဇူလိုင်လက ကန်တပ်ကီပြည်နယ်တွင် ရေကြီးရေလျှံမှုများကြောင့် အိမ်ခြေရာနှင့်ချီ၍ ပြိုကျခဲ့ပြီး ထောင်ပေါင်းများစွာ ပျက်စီးခဲ့ရရာ ၎င်းဒေသရှိ လူမှုအသိုင်းအဝိုင်း၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာများ ထိခိုက်ခဲ့ရကြောင်းနှင့် ယခုရန်ပုံငွေသည် ကန်တပ်ကီပြည်နယ်အတွက် အိမ်ရာအကျပ်အတည်းများပြန်လည်တည်ဆောက်ရာတွင် လိုအပ်သောအကူအညီများကို ပေးအပ်နိုင်လိမ့်မည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်အမတ် ဘရန်ဒန်စမစ်က ပြောကြားခဲ့သည်။

ကန်တပ်ကီပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရန်ပုံငွေလက်ခံရရှိပြီးနောက် သတ်မှတ်ချက်နှင့်ကိုက်ညီသော မြို့နယ်ကျေးရွာများကို ပံ့ပိုးကြေး ခွဲဝေပေးသွားမည်ဖြစ်ကြောင်း၊ ရန်ပုံငွေကို ဖက်ဒရယ်ဘေးအန္တရာယ် စီမံခန့်ခွဲရေးအခြားအေဂျင်စီများဖြစ်သည့် အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီ၊ တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအေဂျင်စီနှင့်အဝေးပြေးလမ်းများ စီမံခန့်ခွဲရေးအေဂျင်စီတို့ကိုလည်း ခွဲဝေအသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ AZH

# မာလာဝီနိုင်ငံတွင် ဖရက်ဒီဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူ ၉၉ ဦး သေဆုံး

**လီလောင်ဝီ မတ် ၁၄**

ဖရက်ဒီဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်းသည် မတ် ၁၃ ရက်က မာလာဝီနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် လူ ၉၉ ဦး သေဆုံးခဲ့ကြောင်း မာလာဝီသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးရာကော်မရှင်က ထုတ်ပြန်ခဲ့သည်ဟု NTD သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဖရက်ဒီဆိုင်ကလုန်းမုန်တိုင်းသည် မာလာဝီနိုင်ငံတောင်ဘက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းအဓိကတိုက်ခတ်ခဲ့သောမြို့မှာ ဘလန်တိုင်ရီမြို့ဖြစ်ကာ သေဆုံးသူအများစုမှာလည်း ဘလန်တိုင်ရီမြို့မှဖြစ်ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးရာကော်မရှင်က ထုတ်ပြန်ခဲ့ကြောင်း၊ မုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသောဒေသ ခုနစ်ခုထိရှိခဲ့ပြီး သေဆုံးသူ ၉၉ ဦးအနက် ၈၅ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၃၄ ဦးတို့မှာ ဘလန်တိုင်ရီမြို့မှဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို ဆေးရုံသို့ပို့ဆောင်ကာ လိုအပ်သော ဆေးကုသမှုများပြုလုပ်ပေးလျက်ရှိကြောင်း မာလာဝီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



"ဖရက်ဒီမုန်တိုင်းဟာ မာလာဝီနိုင်ငံတောင်ဘက်ပိုင်းဒေသတွေမှာ တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းအားကောင်းခဲ့တဲ့အတွက် သေဆုံးသူ ၉၉ ယောက်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ အမြောက်အမြားရှိနေပါတယ်။ သေဆုံးသူ ၉၉ ယောက်ထဲက ၈၅ ယောက်နဲ့ ထိခိုက်ဒဏ်ရာရရှိသူတွေထဲက ၁၃၄ ယောက်ကတော့ ဘလန်တိုင်ရီမြို့ကဖြစ်ပါတယ်"ဟု မာလာဝီသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးရာကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူ ကာလမ်ဘာက ပြောကြားခဲ့သည်။

ဖရက်ဒီမုန်တိုင်းကြောင့် သေဆုံးသူနှင့်ထိခိုက်ဒဏ်ရာရရှိသူများပြားသဖြင့် မာလာဝီအစိုးရက မာလာဝီတောင်ဘက်ပိုင်းကို မုန်တိုင်းအန္တရာယ် အရေးပေါ်အဆင့်အဖြစ် သတ်မှတ်လိုက်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# အိန္ဒိယအစိုးရက အပူလှိုင်းဖြတ်သန်းမှု၏ဆိုးကျိုးသက်ရောက်မှုများကို စစ်ဆေးနိုင်ရေးအတွက် ကြိုတင်သတိပေးစနစ်တပ်ဆင်ရန် ပြင်ဆင်လာ

**နယူးဒေလီ မတ် ၁၄**

အိန္ဒိယနိုင်ငံသည် အပူလှိုင်းဖြတ်သန်းမှုဖြင့် မကြာခဏရင်ဆိုင်နေရသည့်နိုင်ငံဖြစ်ပြီး လာမည့်နွေရာသီတွင် အပူလှိုင်းဖြတ်သန်းမှုများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသဦးစီးဌာနက ထုတ်ပြန်ထားသည့်အတွက် အိန္ဒိယအစိုးရက အပူလှိုင်းဖြတ်သန်းမှု၏ ဆိုးကျိုးသက်ရောက်မှုကို စစ်ဆေးနိုင်ရေးအတွက် ကြိုတင်သတိပေးစနစ်များကို တပ်ဆင်သွားရန် ပြင်ဆင်နေကြောင်း အိန္ဒိယအမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Hindustan Times သတင်းဌာနက မတ် ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အပူလှိုင်း ဖြတ်သန်းမှုဖြစ်ပေါ်လာခဲ့ပါက ကြိုတင်ပြင်ဆင်မှုများပြုလုပ်နိုင်ရန်လည်း ကြိုတင်သတိပေးစနစ် တပ်ဆင်သွားရန် စီစဉ်လာခြင်းဖြစ်ကြောင်း၊ အိန္ဒိယအစိုးရက ပြည်နယ်အလိုက် အပူလှိုင်းဖြတ်သန်းလာနိုင်သည့်ဧရိယာများကို နေရာအတိအကျဖြင့် ငါးရက်ခန့် ကြိုတင်သတိပေးချက်ထုတ်ပြန်နိုင်ရန်လည်း ရည်ရွယ်ထားကြောင်း၊ အပူလှိုင်း ဖြတ်သန်းမည့်သတိပေးချက်ကို လက်ခံရရှိပါက အပူလှိုင်းဖြတ်သန်းမည့်ဧရိယာအတွင်း နေထိုင်သည့်ဒေသခံများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အပူလှိုင်းဖြတ်သန်းစဉ် ဆောင်ရန်ရှောင်ရန် ညွှန်ကြားချက်များကို ထုတ်ပြန်ပေးမည်ဖြစ်သည်။

"အပူလှိုင်းဖြတ်သန်းလာရင် ကြိုတင်သတိပေးချက်တွေကို ထုတ်ပြန်ပေးဖို့အတွက် ကြိုတင်သတိပေးစနစ်တွေတပ်ဆင်သွားဖို့ ပြင်ဆင်နေပါတယ်။ ပြည်နယ်တချို့နဲ့ ပြည်သူတချို့ကတော့ ကြိုတင်သတိပေးချက်တွေ လက်ခံရရှိဖို့အတွက် မိုးလေဝသဦးစီးဌာနမှာ မှတ်ပုံတင်ထားကြတယ်။ ကြိုတင်သတိပေးစနစ်ကို ပြည်နယ်အလိုက် တပ်ဆင်ပေးမှာဖြစ်ပါတယ်။ ပြည်နယ်အလိုက် ကြိုတင်သတိပေးစနစ်ကိုတပ်ဆင်နိုင်ဖို့ သတိပေးချက်တွေကို အချိန်နဲ့တစ်ပြေးညီထုတ်ပြန်ပေးနိုင်မှာဖြစ်ပါတယ်။ အပူလှိုင်းဖြတ်သန်းမဲ့ ကြိုတင်သတိပေးချက်တွေထုတ်ပြန်ပြီးရင်လဲ ပြည်သူတွေအနေနဲ့ ဆောင်ရန်ရှောင်ရန်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်" ဟု အိန္ဒိယကမ္ဘာမြေကြီး သိပ္ပံဝန်ကြီးဌာန၏ အတွင်းရေးမှူး ရာဗီချန်ဒရန်က ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# ဂျမေကာနိုင်ငံတွင် မိုးခေါင်ရေရှားမှုအပေါ် တုံ့ပြန်မှုနှင့်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည်

**ကင်းစတန်း မတ် ၁၄**

ဂျမေကာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော မိုးခေါင်ရေရှားမှုအပေါ် အမျိုးသားအဆင့်တုံ့ပြန်မှုနှင့် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ဒေသန္တရအစိုးရနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အမေရိကန်ဒေါ်လာ သန်း ၅၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့ဝင်ဝန်ကြီး ဒက်စမွန်မက်ကင်ဇီက မတ် ၁၃ ရက်တွင် ပြောကြားခဲ့သည်ဟု JIS သတင်းဌာနက ဖော်ပြထားသည်။

ယခုလအစောပိုင်းက ဂျမေကာနိုင်ငံဝန်ကြီးချုပ် အန်ဒရူး ဟိုးနက်က ကြေညာထားသော မိုးခေါင်ရေရှားမှုဒဏ်ခံစားခဲ့ရသည့် နိုင်ငံတစ်ဝန်းရှိ လူမှုအသိုင်းအဝိုင်းများ သောက်သုံးရေရရှိရေး အမျိုးသားရေကော်မရှင်က အမေရိကန်ဒေါ်လာ သန်း ၁၀၀ သုံးစွဲပြီး ဒေသန္တရအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်၏ နောက်ဆက်တွဲအဖြစ် ထပ်မံရရှိသောရန်ပုံငွေဖြစ်ကြောင်း သိရသည်။

ဂျမေကာနိုင်ငံသည် နှစ်ပေါင်း ၃၀ အတွင်း မိုးခေါင်ရေရှားမှုအဆိုးရွားဆုံးကာလဖြင့် ရင်ဆိုင်နေရပြီး ယခုနှစ် ဧပြီလထိ မိုးရွာသွန်းရန် မဖြစ်နိုင်သည့်အတွက် ရေပေးဝေရေးလုပ်ငန်းများကို အစိုးရက ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လက်ရှိ Commodore ရေသန့်စင်လုပ်ငန်း၏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅ သန်း အကုန်အကျခံ တည်ဆောက်ထားသော ရေသန့်စင်စက်မှ နေ့စဉ် ရေဂါလန် ၂၂၀၀၀ ထုတ်လုပ်ပေးလျက်ရှိပြီး ဒေသခံများ၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဂျမေကာနိုင်ငံတွင် သောက်သုံးရေလိုအပ်ချက် မြင့်မားသောပေါလန့်ခရိုင်အတွင်း ရေသန့်စင်စက်ရုံ နှစ်ရုံ ထပ်မံတည်ဆောက်မည်ဖြစ်ကြောင်း ဒက်စမွန်မက်ကင်ဇီက ပြောကြားသည်။

AZH

# အလက်စကာပြည်နယ်တွင် ရေနံတူးဖော်ရေးစီမံကိန်း ခွင့်ပြုသည့်အတွက် သမ္မတဂျိုးဘိုင်ဒင်ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများဝေဖန်

**ဝါရှင်တန် မတ် ၁၄**

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်တွင် ဆောင်ရွက်သွားမည့် ရေနံတူးဖော်ရေးစီမံကိန်းကို သမ္မတဂျိုးဘိုင်ဒင်အစိုးရက ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်လာသည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက သမ္မတဂျိုးဘိုင်ဒင်ကို ကတိမတည်သူအဖြစ် စွပ်စွဲဝေဖန်မှုများပြုလုပ်လာကြောင်း US News သတင်းဌာနက မတ် ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သမ္မတဂျိုးဘိုင်ဒင်သည် သမ္မတရာထူးအတွက် မဲဆွယ်ခဲ့ရာတွင် ရေနံတူးဖော်ရေးစီမံကိန်းများကို လျှော့ချသွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဟု ကတိပေးပြောကြားခဲ့ကြောင်း၊ သို့သော် နိုင်ငံ၏စွမ်းအင်လိုအပ်ချက်များအရ သမ္မတဂျိုးဘိုင်ဒင်က အလက်စကာပြည်နယ် မြောက်ဘက်ပိုင်းရှိ ရေပိုင်နက်တွင် ရေနံတူးဖော်ရေးစီမံကိန်း ဆောင်ရွက်သွားမည့်ကိစ္စကို ခွင့်ပြုပေးသွားရန် ဆုံးဖြတ်ခဲ့ကြောင်း၊ အဆိုပါစီမံကိန်းကို Willow စီမံကိန်းအဖြစ် အမည်ပေးထားပြီး အမေရိကန် စွမ်းအင်ကုမ္ပဏီကြီးဖြစ်သော Conoco Phillips (COPPP.UL) ကုမ္ပဏီက ဦးဆောင်မည်ဖြစ်သည်။

Willow စီမံကိန်းကို ဆောင်ရွက်ရန်အတွက် စတင်ပြင်ဆင်ခဲ့စဉ်ကတည်းက အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ဆန္ဒထုတ်ဖော်ခဲ့ကြသော်လည်း သမ္မတဂျိုးဘိုင်ဒင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများ၏ဆန္ဒကိုဆန့်ကျင်ကာ စီမံကိန်းကိုခွင့်ပြုသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ Willow စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည့်ဧရိယာတွင် တီရှက်ပွက်ကန်ရေဧရိယာ၊ ယူတူကော့တောင်တန်း၊ ကိုဗီးလ်မြစ်ဧရိယာ၊ ကာစီဂါလက်ခ်လဂွန်း ကမ်းခြေဧရိယာ၊ ပီးယားပင်လယ်အော်အထူးဒေသဧရိယာတို့ ပါဝင်နေကြောင်း၊ သမ္မတဂျိုးဘိုင်ဒင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြင့် မျှခြေညီအောင်ဆောင်ရွက်သွားရန် လိုအပ်သည့်အတွက် Willow စီမံကိန်းကိုခွင့်ပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

0w Kw M @

# ဓာတ်မှန်

ကျော်စိုး(ခင်ကြီး)




(၁)

သည်နေ့ ကိုမြမင်း အလုပ်ပြန်နောက်ကျသည်။ ဘုရားစင်ကပ်ကနုတ်ပန်းများလုပ်နေရ၍ဖြစ်သည်။ လုပ်ရသည့်ပန်းများက ပန်းကျဲများမဟုတ်။ ထပ်ပန်းများဖြစ်သည်။ ပန်းနွယ်များ၊ ပန်းငုံ၊ အပွင့်၊ ရိုးတံနှင့် အရွက်တို့ပါ လှပပေါ်လွင်လွန်းသည်။ ဓာတ်ပုံကိုကြည့်ရင်း လုပ်ရမည်မှာ လက်ဝင်လွန်းသည့် ပန်းဆိုင်းများဖြစ်သည်ဟု ကိုမြမင်းတွေးမိသည်။ ဘုရားစင်၏ ဘေးတစ်ဖက်တစ်ချက်စီတွင်လည်း နဂါးရုပ်နှစ်ကောင်က သွယ်ဆင်းနေဟန်ပါသေးသည်။ ယခု ကိုမြမင်း လုပ်နေသောအလုပ်သည် သူတို့မြို့ကလေး၏မြို့မျက်နှာဖုံး သူဌေးတစ်ဦးကလာရောက်အပ်နှံထားသည့်အလုပ်ဖြစ်သည်။ သန်ဘက်ခါမနက်တွင် တိုက်သစ်တက်မင်္ဂလာပြုလုပ်မည်ဖြစ်၍ မနက်ဖြန်တွင် သွားရောက်တပ်ဆင်ပေးရမည်ဟုလည်း သူဆိုင်ရှင်က ပြောထားသည်။ ထို့ကြောင့် ပြီးအောင်ဇောက်ချလုပ်နေရခြင်းဖြစ်သည်။

"ကိုနော် ကျန်းမာရေးကိုလဲ ဂရုစိုက်အုံး။ ငွေကလူ့အသက်လောက် တန်ဖိုးမရှိဘူး။ သတိလဲထားအုံး"

အိမ်သို့လမ်းလျှောက်ပြန်ရင်း ဇနီးဖြစ်သူ မစမ်းစမ်းက အလုပ်သွားခါနီးပြောလိုက်သောစကားကို ကြားယောင်နေသည်။ ဇနီးဖြစ်သူက ပြောမည်ဆိုလျှင်လည်း ပြောစရာဖြစ်သည်။ သူသည် ယခုတစ်လော ကျန်းမာရေးသိပ်မကောင်းပေ။ ပြီးခဲ့သည့်ရက်သတ္တပတ်ကပင် ဇနီးဖြစ်သူ၏ဆန္ဒကြောင့် ရန်ကုန်မြို့ရှိ အထူးကုဆေးရုံသို့ သွားခဲ့ရသေးသည်။ ချောင်းဆိုးလွန်း၍ ညညဆို အိပ်မရဖြစ်ခြင်းကြောင့်တစ်ကြောင်း၊ အားအင်ကုန်ခန်းသလိုခံစားရသည်မှာလည်း တစ်လခန့်မျှ ဖြစ်နေခြင်းကတစ်ကြောင်းကြောင့်မို့ သွားပြရခြင်းဖြစ်သည်။ ကျန်းမာရေးစစ်ဆေးမှုမျိုးစုံအောင် စစ်ဆေးခဲ့သည်။ ဓာတ်မှန်လည်းရိုက်ခဲ့ရသည်။ ထိုဆေးရုံတွင် ကိုမြမင်းတို့ ရှိစုမဲ့စုငွေကလေး ငါးသိန်းကျော်ကုန်သွားသည်။ ကိုမြမင်းတို့လင်မယားသည် လက်လှုပ်၍သာ ပါးစပ်လှုပ်နေရသောသူများဖြစ်သည်။ မပြေလည်သည့်ကြားက ယခုကဲ့သို့ကုန်သွားသော ငွေကြေးများကို ကိုမြမင်း အလွန်ပင်နှမြောနေမိသည်။

"ဒီလောက်ရောဂါကလေးကို သဲသဲလှုပ်ဖြစ်ပြီး အထူးကုဆေးရုံကိုသွားချင်တဲ့ မင်းကြောင့်"ဟုလည်း ဇနီးဖြစ်သူကို အပြစ်မဆိုရက်။ ဇနီးဖြစ်သူက ထမင်းဆိုင်ကလေးဖွင့်ကာရောင်းချ၊ သူက သူတတ်သည့် ပန်းပုပညာဖြင့် နံနက်မိုးလင်းသည်မှမိုးချုပ်ထိ ဆိုင်တွင် အငှားလုပ်သားဘဝဖြင့်လုပ်ကိုင်ရင်း ပိုလျှံလာသောငွေကလေးဖြစ်သောကြောင့် ကိုမြမင်း နှမြောမိခြင်းသာဖြစ်သည်။ တွေးတောရင်းလမ်းလျှောက်လာရာမှ တူရှုသို့ တစ်ချက်ကြည့်လိုက်သည်။ အိမ်ရှေ့ရှိ မစမ်းစမ်း၏ ထမင်းဆိုင်လေးသည် ခါတိုင်းရက်နှင့်မတူ လူစည်ကားနေသည်။ ထိုမြင်ကွင်းက ယခင်အတွေးများဖြင့် နွမ်းနယ်နေသောသူ၏ကိုယ်နှင့်စိတ်ကိုရေထိပန်းသဖွယ်လန်းစေသည်။ ဆိုင်လေးကိုကြည့်ရင်း ခေါင်းကိုဆတ်ခနဲညိတ်လိုက်သည်။ ထို့နောက် သူပြုံးသည်။

(၂)

"ဟေး ဖေကြီးပြန်လာပြီ"

၁၄ နှစ်အရွယ်သားကြီး မင်းခန့်ကျော်နှင့် ၁၂ နှစ်အရွယ် သမီးလေး နန္ဒာစမ်းတို့က အော်ဟစ်ကာ အပြေးအလွှားဖြင့် ဆီးကြိုကြသည်။ မစမ်းစမ်းမှာမူ သူ့သားသမီးများ ပြေးလွှားလေမှ ကိုမြမင်းအလုပ်က ပြန်လာသည်ကို သတိထားမိသည်။ မစမ်းစမ်းသည် အစ်ကိုနှစ်ယောက်၊ အစ်မနှစ်ယောက်တို့နှင့် စကားပြောနေသည်။ ကိုမြမင်းသည်လည်း မစမ်းစမ်းတို့မောင်နှမများ မျက်နှာချင်းဆိုင် စကားတီးတိုးဆိုနေကြဟန်မှာ ကိစ္စကြီးငယ်တစ်ခုကို တိုင်ပင်ဆွေးနွေးနေကြဟန်ဖြစ်သည်ဟု တွေးမိသည်။ သို့သော်လည်း အကြောင်းကိစ္စကို မေးမြန်းခြင်းမပြု။ ယောက်ဖနှင့် မရီးတို့ကလည်း သူရောက်လာမှ မပြောမဆိုအလျှိုအလျှိုပြန်ထွက်သွားကြသည်။

"ဖေကြီးအိတ်ထဲက ဘာတွေလဲ"

သမီးဖြစ်သူ နန္ဒာစမ်းက ကိုမြမင်းလက်ထဲက ပလတ်စတစ်လက်ဆွဲအိတ်ကလေးကို စူးစူးစိုက်စိုက်ကြည့်၍ မေးလိုက်သည်။

"သမီးတို့မောင်နှမအတွက် ကျောင်းစိမ်းဝတ်စုံအသစ်တွေ ဝယ်လာတာပေါ့သမီးရဲ့"

"ဝါး မေမေရေ ဒီမှာကြည့် ဖေဖေက သမီးတို့အတွက် ကျောင်းဝတ်စုံတွေဝယ်လာပေးတယ်"

နန္ဒာစမ်းလေးသည် ပြောပြောဆိုဆို ကိုမြမင်းလက်ထဲက အထည်အိတ်ကိုဆွဲယူ၍ မစမ်းစမ်းကို ပြလိုက်သည်။ မစမ်းစမ်းသည် သမီးဖြစ်သူ၏စကားကို အသိအမှတ်ပြုရုံခေါင်းတစ်ချက်ညိတ်ကာ ပြုံးပြသည်။

မလိုအပ်တာကို ဇာချဲ့နေသည်ဟု ထင်၍လားမဆိုတတ်။ ကိုမြမင်းအလုပ်ကပြန်အလာကို ဝမ်းသာအယ်လဲမရှိ။ ယခုတစ်လော ဇနီးဖြစ်သူ၏ ဆက်ဆံရေးသည် ဆောင်းတစ်ခုနှယ် အေးစက်ထုံထိုင်းနေသည်ဟု ကိုမြမင်းတွေးမိသည်။ ကိုမြမင်းသည် မစမ်းစမ်း၏ထမင်းဆိုင်တွင် အရင်လို တစ်ခဏမရပ်နားတော့ဘဲ သူ့သားသမီးများနှင့်အတူ အိမ်ထဲသို့ ဝင်သွားသည်။ သားကြီးမင်းခန့်ကျော်နှင့် သမီးလေး နန္ဒာစမ်းတို့မှာ ကိုမြမင်းဝယ်လာသော ကျောင်းဝတ်စုံအသစ်များကို ဖွင့်ဖောက်ကာ ကိုယ်တွင်ကပ်လျက် မှန်ရှေ့တွင် ပီတိဖြစ်နေကြသည်။ ကိုမြမင်းကား ရန်ကုန်ဆေးရုံမှပြန်လာပြီး ၁၀ ရက်တာကာလအတွင်း ရသော သူ့လုပ်အားခ ငွေကျပ် ၁၈၀၀၀၀ ကို သူ၏သေတ္တာထဲတွင် သိမ်းဆည်းနေသည်။ သူသည် ငွေအသုံးအစွဲကျစ်လျစ်သည်။ ယခု သားနှင့်သမီးအတွက် ကျောင်းဝတ်စုံဝယ်ပေးသည်မှာလည်း တစ်ယောက်တစ်စုံသာရှိသော ကျောင်းဝတ်စုံအတွက် ထည်လဲရစေရန် ဝယ်ပေးခြင်းဖြစ်သည်။

"ကိုရေ ဆိုင်သိမ်းတော့မယ် ကူသယ်ပေးပါအုံး"

လိုအပ်မှသာခေါ်ပြောသောဇနီးသည်၏အသံကြောင့် ကျောင်းဝတ်စုံများ ရင်မှာပွေ့ပိုက်လျက်ပျော်နေကြသော သားနှင့်သမီးတို့ကိုပင် မကြည့်နိုင်တော့ဘဲ အိမ်ရှေ့ထမင်းဆိုင်လေးသို့ သွားရပြန်လေသည်။

(၃)

ညအချိန်တွင်ဖြစ်သည်။

"အီ ဟင့် ဟင့်"

ဇနီးဖြစ်သူမစမ်းစမ်း၏ ရှိုက်ကြီးတငင်ငိုကြွေးသံကြောင့်-

"ရော် ဘာဖြစ်တာပါလိမ့်"ဟူသောအတွေးစနှင့်အတူ ကိုမြမင်းသည် မစမ်းစမ်းဘက်သို့စောင်းလှည့်ကာ အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။ အချိန်သည် ည ၁၁ နာရီကျော်ဖြစ်နေသည်။ အိပ်မက်ထဲတွင် ယောင်ယမ်းငိုနေခြင်းပေလားဟူ၍လည်း ကိုမြမင်းထင်မိသည်။ ကိုမြမင်းသည် မစမ်းစမ်းဘက်သို့ တစ်ဖက်စောင်းအိပ်ရာမှ ထ၍ထိုင်လိုက်သည်။ မစမ်းစမ်း၏ငိုသံကားမရပ်။ ဝမ်းနည်းသံကား အချိန်နှင့်အမျှ ပိုလာသည်။

"စမ်း စမ်းစမ်း မင်းဘာဖြစ်နေတာလဲ"

ကိုမြမင်းသည် တစ်ဖက်သို့ခပ်စောင်းစောင်းအိပ်ကာငိုနေသော ဇနီးဖြစ်သူ၏ တင်ပါးဆုံအိအိကလေးကို ဖွဖွလေးပုတ်ရင်း မေးလိုက်သည်။

"ကို စမ်းတို့မိသားစုရဲ့ဘဝရှေ့ရေးကိုမတွေးတော့ဘူးလား။ စမ်းတို့သားအမိသုံးယောက်ကို အခက်အခဲတွေ့အောင်လုပ်နေတာလား"

ဇနီးဖြစ်သူ၏တုံးတိတိစကားက ကိုမြမင်းအတွက် အကျပ်ရိုက်သွားသည်။ အိပ်ရာမှဖြုန်းခနဲထထိုင်လိုက်သည်။ သို့သော်လည်း မည်သို့မည်ပုံပြန်ဖြေရမှန်း မသိသေး။ ခေါင်းကို ဗျစ်ခနဲတစ်ချက်ကုတ်လိုက်သည်။

"ကို ဘာများလုပ်မိလို့လဲစမ်းရယ်"

"စမ်းက ကိုကိုအလုပ်မသွားပါနဲ့၊ မလုပ်ပါနဲ့ ဆိုတော့လဲ သွားတယ်၊ လုပ်တယ်။ ဆရာဝန်က တစ်ပတ်ပြည့်ရင် ဆေးရုံကို ပြန်လာပြပါဆိုတော့လဲ ကိုမသွားချင်ဘူး။ ဆရာဝန်ကပြောတယ်။ ကို့အဆုတ်မှာ အနာဖြစ်နိုင်တယ်တဲ့။ ခွဲစိတ်တန်ရင် ခွဲစိတ်ပစ်မှရမယ်တဲ့။ တစ်ပတ်ပြည့်ရင် ပြန်လာပြပါတဲ့။ ကြာလာရင် အဟီး အိအိ"

မစမ်းစမ်းသည် ကိုမြမင်းကို ဆရာဝန်ပြောလိုက်သောစကားများကို ပြန်လည်ပြောပြရင်း မထိန်းနိုင်မသိမ်းနိုင် ရှိုက်ကြီးတငင်ငိုလိုက်ပြန်သည်။ ကိုမြမင်းသည် မစမ်းစမ်းအေးဆီမှ ဆေးရုံစကားကြားလိုက်ရသည်နှင့်တစ်ပြိုက်နက် အလုပ်ပြန်ရောက်စက သူသိမ်းဆည်းထားလိုက်သော ငွေစလေးဆီသို့ စိတ်ကရောက်သွားသည်။ "ငါ့ငွေစကလေးတွေ ကုန်အုံးမှာပါလား"ဟူသောစိတ်တို့လည်း တစ်ပြိုင်နက်ဖြစ်ပေါ်လာရကား ကိုမြမင်းသည် အနည်းငယ်တုန်လှုပ်သွားသည်။

"ဟာ စမ်းကလဲကွာ ဘာများလဲလို့ ကို ဘာမှမဖြစ်ပါဘူးဆို။ ရင်ထဲမှာလဲ အောင့်တာအီတာမရှိဘူး။ စားဝင်အိပ်ပျော်ပဲ"

ဇနီးဖြစ်သူကို ချော့ချော့မော့မော့ပြောလိုက်သော်လည်း စိတ်ထဲတွင်တော့ သည်မိန်းမ ဆေးရုံဆေးခန်းကို ပင်လယ်ကမ်းခြေအပန်းဖြေစခန်းတစ်ခုလိုများ ထင်နေလားဟု ပြောနေမိသည်။

"ဆေးရုံသွားတော့ကော ငွေကမှမရှိတာ။ အခုကို့မှာက ငွေ ၁၈၀၀၀၀ ပဲရှိတယ်။ ငွေလေးမှ စုမယ်ကြံရုံရှိသေး"

နှမြောတတ်သောကိုမြမင်း၏နှုတ်က အမှတ်တမဲ့ထွက်သွားသည်။ သူ့နောက်ဆုံးစကားကို မစမ်းစမ်းက ဘဝင်မကျ။

"ပြောပြန်ပြီလား ငွေစကား"

ငိုသံနှော၍အော်လိုက်သော မစမ်းစမ်း၏အသံကြောင့် သားနှင့် သမီးဖြစ်သူတို့ပါ အိပ်ရာကလန့်၍နိုးသွားကြသည်။

"ညနေက အစ်ကိုကြီးနဲ့အစ်မတွေကလဲ ကို့ကျန်းမာရေးအတွက် ဆေးဖိုးဝါးခံပါမယ်ပြောတယ်။ ရောဂါမကျွမ်းခင် ဆေးရုံကိုသာ အမြန်တက်ပါတဲ့။ ဟီး ဟီး"

မစမ်းစမ်းသည် ပြောရင်းငိုသွားပြန်သည်။ သားဖြစ်သူ မင်းခန့်ကျော်မှာ သိတတ်သောအရွယ်မို့ မိခင်၊ ဖခင်တို့ကိုကြည့်ကာ စိတ်မကောင်းဖြစ်ရုံမှတစ်ပါး ငိုကြွေးခြင်းမရှိ။ ကလေးအရွယ်ဖြစ်သည့် နန္ဒာစမ်းကား မိခင်ငိုနေ၍ သူလည်း ငိုနေသည်။

"ကဲပါကွာ ကလေးတွေစိတ်မချမ်းသာအောင် မလုပ်ပါနဲ့။ မင်းသဘောကျသလိုစီစဉ်ပါ"

ကိုမြမင်းသည် သမီးငယ်လေးကိုပွတ်သပ်ချော့မော့ရင်း ဇနီးဖြစ်သူ၏ဆန္ဒကို ဖြစ်တည်ခွင့်ပေးလိုက်သည်။

(၄)

"ကို ဒီခုံပေါ်မှာထိုင်နေအုံးနော်။ စမ်း ဟော့ ဟိုစားပွဲက ဆရာမလေးတွေဆီ သွားလိုက်အုံးမယ်"

ဆေးရုံသို့ရောက်ကတည်းက ဆေးမှတ်တမ်းစာအုပ်ကလေးကိုကိုင်ကာ သူ့ကျန်းမာရေးအတွက် ချက်ချက်ချာချာလုပ်ဆောင်နေသောဇနီးသည်ကိုကြည့်၍ ကိုမြမင်း ဝမ်းသာနေမိသည်။ တစ်ဆက်တည်း ဝမ်းလည်းနည်းမိနေပြန်သည်။ ဤသည်ကား အခြားမဟုတ်။

"စမ်းပြောသလို ငါ့အဆုတ်မှာ တကယ်သာအနာဖြစ်နေရင် သည်မိသားစုနဲ့ မကြာမီခွဲရတော့မှာပါလား" ဟူ၍ဖြစ်၏။

စာမျက်နှာ ၂၅ သို့ ➤

# မဘိမ်းမြို့နယ် ကုန်းမခံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**မဘိမ်း မတ် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းမခံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ၁၆ ကြိမ်မြောက်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့် စီမံကိန်းဝင်အသင်းသူ၊ အသင်းသားများအနေဖြင့် စီမံကိန်း ပံ့ပိုးရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အမှန်တကယ်လုပ်ကိုင်ပြီး မိသားစုဝင်ငွေ တိုးပွားအောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ကုန်းမခံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၈၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၉ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၄၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်နိုး**

---

➤ **စာမျက်နှာ ၂၄ မှအဆက်**

"ကိုရေ လာလာ နှလုံးစစ်ရအောင်"

သူ့အနားမရောက်ခင် ခပ်လှမ်းလှမ်းအလိုမှပြောလိုက်သော မစမ်းစမ်း၏အသံကြောင့် ကိုမြင်းသည် အသံလာရာဆီသို့ ကြည့်လိုက်သည်။ ထိုအခါ ရှပ်အင်္ကျီအဖြူစင်းနှင့် ဂျင်းဘောင်းဘီနက်ပြာရောင်ကို ဝတ်ဆင်ထားသည့် အသားဖြူဖြူထောင်ထောင်မောင်းမောင်းအမျိုးသားတစ်ယောက် စမ်းနှင့်အတူ ဘေးတိုက်လမ်းလျှောက်လာနေသည်ကို သူတွေ့လိုက်သည်။ ဆရာဝန်ကြီး၏တပည့် ဒေါက်တာတစ်ယောက်ဖြစ်ဟန်တူသည်ဟုလည်း စွဲမှတ်ထားသည်။ သူ့အနားရောက်သော် ထိုဒေါက်တာလေးက ရှေ့က သွားနှင့်သည်။ မစမ်းစမ်းက ကိုမြင်းထိုင်ခုံမှအထကိုစောင့်၍ခေါ်နေသည်။

"ဟိုတစ်ခေါက်ကလဲ နှလုံးဆေးစစ်သေးတယ်မဟုတ်လားစမ်းရဲ့"

ကိုမြင်းသည် တစ်လံအကွာမှသွားနေသောဒေါက်တာကြားမည်စိုး၍ ထင်၏၊ သူ့လေသံကို အနည်းငယ်တိုးညင်း၍ မေးလိုက်သည်။

"အို့ . . ကိုကလဲ ကျန်းမာရေးဆိုတာ တစ်ကြိမ်တစ်ခါဆေးစစ်ထားရုံနဲ့ တကယ်အဖြေမှန်ရတာမှမဟုတ်တာ။ သွေးပေါင်ဆိုတာလဲ အတက်၊ အကျတည်မြဲတာမှမဟုတ်တာ။ ခွဲစိတ်ခန်းဝင်ရပါပြီတဲ့ အတွင်းရောဂါခံကရှိနေရင် စမ်းတို့ပဲနစ်နာမှာလေ"

ရောင်းသူဝယ်သူအသံတူဆိုသကဲ့သို့ မစမ်းစမ်းသည်လည်း တိုးညင်းသောလေသံဖြင့် ကိုမြင်းကို ပြောလိုက်သည်။ အချိန်တိုတိုအတွင်းမှာပင် ဆရာဝန်ကြီးမလာခင်ပြုလုပ်ထားရမည့် ကိုမြင်း၏ ဆေးစစ်ချက်များ အားလုံးပြီးစီးသွားသည်။ ဆရာဝန်ကြီးသည် နံနက်ကိုးနာရီတွင် ဤဆေးရုံသို့ရောက်မည်ဟုဆိုသည်။ သူနာပြုများ၏ပြောစကားအရဆိုလျှင် ကိုမြင်းတို့သည် ဆရာဝန်ကြီးနှင့်တွေ့ရရန် တစ်နာရီခွဲခန့် စောင့်ရပေဦးမည်။

"ဟူး"

ကိုမြင်းတစ်ယောက် စိတ်ကသိကအောက်ဖြစ်နေသည်။ ဇနီးဖြစ်သူပြောပြထားသည့် ရောဂါဆိုးကတစ်မျိုး၊ ငွေရေးကြေးရေးကိစ္စမပြည့်စုံမှုကတစ်ဖုံ မျိုးစုံအောင်တွေးနေရင်းက ထိုင်ခုံနောက်တန်းပေါ်သို့ ဦးခေါင်းကိုပစ်ချကာ လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

"ကို ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူးကွာ။ ဆရာဝန်ကြီးက တော်တော်ကြာအုံးမယ်နဲ့ တူတယ်နော်"

ဇနီးဖြစ်သူစိတ်ပျက်သွားမည်ကို သူစိုးရိမ်မိသည်။ ထို့ကြောင့် မျက်နှာပိုးသတ်ကာ ပျော့နွဲ့သောလေသံလေးဖြင့် မစမ်းစမ်းဘက်လှည့်ကာ မေးလိုက်သည်။

"ဆရာဝန်ကြီး ဦးအောင်သာတိုးရောက်လာပါပြီ။ ဦးမြင်း ရှိပါသလားရှင်"

"ရှိပါတယ်ရှင့်"

"ရှိပါတယ်ခင်ဗျ"

သူနာပြုဆရာမလေး၏သတိပေးသံအဆုံးတွင် ကိုမြင်းနှင့် မစမ်းစမ်းတို့လင်မယားနှစ်ယောက်စလုံး ပြိုင်တူဆိုသလို ဖြန်းခနဲထရပ်၍ ဖြေလိုက်ကြသည်။ ထို့နောက် ဆရာဝန်ကြီးရှိရာအခန်းသို့သွားကြသည်။ အခန်းစောင့်သူနာပြုဆရာမလေးသည် ကိုမြင်းတို့ကို ခါးလေးအနည်းငယ်ညွတ်ပြီး-

"မင်္ဂလာပါရှင့်"ဟူ၍ နှုတ်ခွန်းဆက်စကားဆိုကာ အခန်းတံခါးကို ဖွင့်ပေးသည်။ အခန်းအတွင်းသို့ဝင်သည်နှင့် စားပွဲတွင်ထိုင်နေသော ဆရာဝန်ကြီးဦးအောင်သာတိုးကို မြင်လိုက်ရသည်။ ဆရာဝန်ကြီးသည် ကိုမြင်းတို့ကို ရွှင်ပျသောအပြုံးဖြင့် "မင်္ဂလာပါ"ဟူ၍ နှုတ်ဆက်စကားဆိုသည်။ ကိုမြင်းနှင့်မစမ်းစမ်းတို့ကလည်း "မင်္ဂလာပါ"ဟု ပြန်၍ဆိုကာ ထိုင်ခုံများပေါ်တွင် ထိုင်လိုက်ကြသည်။ ဆရာဝန်ကြီးသည် ကိုမြင်း၏ ဆေးစစ်ချက်စာရွက်များကို လှန်လှော၍ကြည့်နေသည်။ ထိုစဉ် ကိုမြင်းသည် အဲကွန်းမှ လတ်ဆတ်အေးမြသောလေကို ခါးဆန့်ရင်ကော့၍ တဝကြီးရှူသွင်းလိုက်သည်။

"ရှူး"ဟူသောအသံပင်ထွက်သွားသည်။ ထိုအခါ မစမ်းစမ်းသည် ကိုမြင်းကို သတိပေးဟန်ဖြင့် မျက်စောင်းတစ်ချက်ထိုးလိုက်သည်။

"ဆေးစစ်ချက်တွေကတော့ အားလုံးကောင်းပါတယ်။ ဓာတ်မှန်အရ အဆုတ်မှာတော့ အနာဖြစ်မဲ့သဘောရှိနေတယ်။ မြန်မြန်ခွဲစိတ်ကုသရင်တော့ အကောင်းဆုံးပဲ"

ဆရာဝန်ကြီး၏စကားကြောင့် ကိုမြင်းခမျာ မျက်နှာအနည်းငယ်ပျက်သွားသည်။ ဇနီးဖြစ်သူ မစမ်းစမ်းကား ကိုမြင်းထက်ပင်ဆိုးနေသည်။

"အဆုတ်အနာသာပြောတယ်ဆရာ ကျွန်တော်ဖြင့် ရင်ဘတ်နာတာ၊ ဗိုက်အောင့်တာမျိုးတောင်မှမခံစားရဘူး။ ဓာတ်မှန်ရိုက်တာများ မှားမနေဘူးလားဆရာ၊ ပြန်ရိုက်ကြည့်ရင်မကောင်းဘူးလား"

"ကျွန်တော်တို့ဒီဆေးရုံက တကယ့်အဆင့်မြင့်စက်ကိရိယာတွေကို အသုံးပြုထားတဲ့ဆေးရုံပါ။ ဓာတ်မှန်ကမမှားပါဘူး"

ဆရာဝန်ကြီးသည် ဆေးရုံတွင်အသုံးပြုနေသော ခေတ်မီစက်ကိရိယာများအကြောင်းပြောပြနေသည်။

"ဆရာ"

ထိုစဉ် အပြင်မှခေါ်လိုက်သောအသံကြောင့် ပြောလက်စ စကားကို ဖြတ်ကာ တံခါးဆီသို့ကြည့်ရင်း-

"ဝင်လာခဲ့"ဟုဆိုလိုက်သည်။ ထိုအခါ ဆေးရုံတံဆိပ်ပါ ပလတ်စတစ်အိတ်ကိုပွေ့ပိုက်လျက် သူနာပြုဆရာမတစ်ဦးဝင်လာသည်။

"ဦးမြတ်မင်းဓာတ်မှန်နဲ့ ဦးမြင်းဓာတ်မှန်ကို သမီးမှားပေးလိုက်မိလို့ပါဆရာ"

နဂါး၏မျက်စောင်းသို့သာ အစွမ်းထက်ပါမူ သူနာပြုဆရာမလေး ချက်ချင်းပင်ပြာကျသွားနိုင်သည်။ ဆရာဝန်ကြီးသည် ထိုသူနာပြုဆရာမလေးကို မျက်စောင်းတွေတွေထိုးလျက်ကြည့်နေသည်။ သောကပင်လယ်ဝေနေသော ကိုမြင်းတို့ဇနီးမောင်နှံသည်လည်း ပေါ့ပေါ့ဆဆလုပ်လိုက်သော သူနာပြုဆရာမလေးကို မကျေမနပ်စိတ်ဖြင့် စောင်းကန်းစောင်းကန်း လုပ်လာကြသည်။

"နေရပ်လိပ်စာတွေ၊ အသက်တွေကြည့်ပါအုံးလား။ လုပ်တာနမော်နမဲ့နဲ့"

ဆရာဝန်ကြီးသည် တပည့်သူနာပြုဆရာမလေးကို ငေါက်ငမ်း၍ သတိပေးစကားဆိုလိုက်သည်။

"ဟုတ် သမီးမှားသွားတာပါ။ နောက်ကိုမဖြစ်စေရပါဘူး"

သူနာပြုဆရာမလေးသည် ဆရာကြီးနှင့် ကိုမြင်းတို့ကိုတောင်းပန်ပြီး အပြင်သို့ထွက်သွားသည်။ ဆရာဝန်ကြီးသည် သူနာပြုဆရာမလေးကို အလွန်ပင်စိတ်ဆိုးနေဟန်ရှိသည်။ သူနာပြုဆရာမလေးအခန်းအပြင်သို့ ရောက်သွားသော်လည်း ဆရာဝန်ကြီး၏မျက်လုံးအစုံတို့သည် တံခါးဝကိုသာ ကြည့်မြဲကြည့်နေသည်။ အတန်ကြာမှ ကိုမြင်း၏ ဓာတ်မှန်ကိုယူ၍ ကြည့်သည်။

"အိုကေပဲ ကိုမြင်းရေ ကျန်းမာရေးကောင်းပါတယ်ဗျ"

"ဟာ ဝမ်းသာလိုက်တာဆရာကြီးရယ်။ ဟုတ်တယ်နော်ဆရာ ကျွန်တော်ပြောသလို ဘယ်လိုဝေဒနာမှ မခံစားရပါဘူးလို့ ဆိုတာလေဆရာ။ ဓာတ်မှန်ကမှားတာမဟုတ်လားဆရာ"

"မဟုတ်ဘူးဗျ။ ကျွန်တော်ပြောသလို ဓာတ်မှန်ကမှန်တယ်၊ လူကမှားတာ"

"ဟုတ်တယ်ဆရာ ဓာတ်မှန်ကမှန်တယ် လူကမှားတာ။ ကံကြီးပေလို့ပေါ့ဆရာရယ် ဟား ဟား"

ကိုမြင်းတို့ဇနီးမောင်နှံနှစ်ယောက် ငိုအားထက် ရယ်အားသန်ကြရပြန်ပါတော့သည်။

---

## ဂုဏ်ပြုထိုက်သူများ

- စိမ်းလန်းစိုပြေ(ပြည်)တို့လယ်မြေ
ရွှေရောင်ဝင်းလို့နေ၊
စပါးပင်တွေ ပြည့်လျှံဖြိုး
တိုင်းပြည်ဝင်ငွေတိုး။

- နွေ၊ မိုး၊ ဆောင်းတို့အလီလီ
ထွန်ယက်စိုက်ပျိုးပြီ၊
သုံးရာသီလုံး မနားကြ
တောင်သူတို့ဘဝ။

- လှံ့လစိုက်လို့ မညည်းညူ
စံပြုထိုက်တဲ့လူ၊
သူမတူတဲ့ စွမ်းပကား
လေးစားတန်ဖိုးထား။

- အများအကျိုး ဆောင်ရွက်ရာ
အားသွန်ခွန်စိုက်ပါ၊
အလှူပွဲမှာ လက်မနှေး
ကူညီကြတယ်လေး။

- ရပ်ရေး၊ ရွာရေး ကြုံလာလျှင်
ရှေ့ဆုံးကပါဝင်၊
လမ်းပြင်ရာတွင် အစဉ်မြဲ
လုပ်အားပေးနေဆဲ။

- ကန်တူးရင်လည်း နေ့တိုင်းပါ
ကြိုးစားနေကြတာ၊
ကိုယ့်ရပ်ရွာကို အလေးထား
ဂုဏ်ပြုထိုက်သူများ။ ။

**ဖိုးပြည့်(ပထွန်ဖြား)**

---

## မင်းဘူးမြို့နယ် တောင်မန်းကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မင်းဘူး မတ် ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တောင်မန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ရှိသူများက တောင်မန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ဖြင့်ဆောင်ရွက်ထားသော နွားမွေးမြူရေးလုပ်ငန်း၊ ဆိတ်မွေးမြူရေးလုပ်ငန်းများနှင့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး ဝိုင်းဝန်းဆောင်ရွက်ရန် မှာကြားသည်။

တောင်မန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ကို အစုအဖွဲ့ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်မည့် ရောင်နီဦး၊ အလင်းရောင်၊ ခရေစန်းသော်တာနှင့် မိဘမေတ္တာအဖွဲ့ စုစုပေါင်းအစုအဖွဲ့ငါးဖွဲ့က တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၆၀ စီဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**ဝင်းမော**

# တရားခံအတွက် သံသယအကျိုးခံစားခွင့်

**စိန်လှိုင်ပိုလ်**

ရာဇဝတ်မှုများတွင် "သံသယအကျိုး"ဟူသော စကားလုံးအသုံးအနှုန်းမှာ ဥပဒေလောကသားများအတွက် အသစ်အဆန်းမဟုတ်ပါ။ ယဉ်ပါးနေပြီဖြစ်သော စကားလုံးဖြစ်သည်။ စာရေးသူကိုယ်တိုင်သည် ပင်လျှင် တရားရုံးက တရားခံကိုအပြစ်ပေးရာ၌ သံသယအကျိုးကို ထည့်သွင်းစဉ်းစားစီရင်ဆုံးဖြတ်ခဲ့ဖူးသည့်အကြောင်း ဆောင်းပါးရေးခဲ့ဖူးသည်။ သံသယအကျိုး ဆောင်းပါးရေးခဲ့ဖူးသော်လည်း အမှုတစ်ခုနှင့်တစ်ခု ဖြစ်စဉ်ဖြစ်ရပ် အကြောင်းခြင်းရာ ကွဲပြားခြားနားမှုရှိပေရာ ပြည်သူများအနေဖြင့် သံသယအကျိုးကို အမှတ်တရရှိစေရန်အလို့ငှာ ရေးသားတင်ပြပါဦးမည်။

ထားဝယ်မြို့ ကျောက်မော်ရပ်နေ မနှင်းသည် မအုန်းသင်နှင့်အတူ ထားဝယ်မြို့ အထူးပထမတရားသူကြီးရုံး ၁၉၆၃ ခုနှစ် ရာဇဝတ်မှုအမှတ်(၈) တွင် ဝက်သားလိုင်စင်စီ ကိုယ်စားလှယ် အစန်းဆိုသူ ဒဏ်ရာရရှိသေဆုံးရသည်နှင့်ပတ်သက်၍ ရာဇသတ်ကြီးပုဒ်မ-၃၀၂ /၁၁၄ အရ တရားစွဲဆိုခံရရာ ရာဇသတ်ကြီးပုဒ်မ-၃၀၄ အရ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရသည်ဆိုကာ ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် ပြစ်ဒဏ်စီရင်ခြင်းခံရသည်။


**အမှုဖြစ်စဉ်အကျဉ်း**

၁၉၆၃ ခုနှစ် ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီခန့်တွင် သေသူ အစန်းသည် ရဲတပ်သား မောင်ဝင်းရှိန် အကူအညီဖြင့် ထားဝယ်မြို့အဝင် တံတားအနီး "မာလာကြည်"ဆိုသောဘတ်စကားကို တက်ရောက်ရှာဖွေသည်။ မနှင်းနှင့် မအုန်းသင်တို့ထံမှ အမဲသားရှစ်ပိဿာ၊ ဝက်သား တစ်ပိဿာကျော် တွေ့ရှိသဖြင့် ဖမ်းဆီးပြီး အစန်းက ဝက်သားများကို သိမ်းလိုက်သည်။ မအုန်းသင်နှင့် စကားများပြီး မအုန်းသင်က အစန်းကို ကြိမ်းမောင်းသည်။

နောက်တစ်နေ့နံနက် ၈ နာရီခန့်တွင် အရပ်ပျင်ဈေးအနီး ဇရပ်တစ်ခုအနားတွင် မအုန်းသင်နှင့် အစန်းတို့ တွေ့ဆုံကြရာ မအုန်းသင်က ၎င်းအား အစန်းက ဝင်ရောက်တိုက်သည်ဆိုပြီး စကားများရန်ဖြစ်၍ မအုန်းသင်က အနီးရှိ ဝါးလုံးပိုင်းတစ်ခုကို ကောက်ကာ ရိုက်မည်ပြုသည်တွင် ဦးဘိုးဟန်ဆိုသူက ဝင်ရောက်ဖျန်ဖြေ၍ မအုန်းသင်လက်မှ ဝါးလုံးကို ဆွဲယူပြီး လွှတ်ပစ်လိုက်သည်။ ထို့နောက် ရန်ဆက်မဖြစ်စေရန် ဦးဘိုးဟန်က အစန်းအား လက်ဖက်ရည်ဆိုင်သို့ခေါ်သော်လည်း မလိုက်ဘဲ အနီးတွင်ရပ်နေသူ မအုန်းသင်ကို သတ္တိရှိရင်လာရိုက်ဟု စိန်ခေါ်ရာ ဦးဘိုးဟန် လွှင့်ပစ်သည့်ဝါးလုံးကို ပြန်ကောက်ပြီး အစန်းကိုရိုက်လိုက်သည်။

အစန်းက ဝါးလုံးကို ဖမ်းဆွဲထားပြီး မအုန်းသင် မျက်နှာဆီသို့ ဆင့်ကာဆင့်ကာထိုးပြီး သတ်ပုတ်နေကြသည်။ ထိုစဉ် မြင်းလှည်းတစ်စီးရောက်ရှိလာ၍ မြင်းလှည်းပေါ်မှ မနှင်းသည် သက်သေခံတုတ်ပိုင်းကိုကိုင်၍ ဆင်းလာကာ အစန်းအား ဝင်ရောက်ရိုက်နှက်ရာ အစန်းကိုမထိ မြေကြီးကိုသာရိုက်မိသည်ဟုဆိုသည်။ ၎င်းအခိုက်အတန့်တွင်ပင် မအုန်းသင်က အစန်း၏ဆီးစပ်ကို ခြေနှင့်ကန်လိုက်သဖြင့် ဖင်ထိုင်လျက်လဲသွားသည်တွင် မနှင်းက နောက်ထပ် တုတ်ဖြင့်တစ်ချက်ရိုက်လိုက်ရာ အစန်းခေါင်းကိုထိပြီး မှောက်လျက်လဲကျသွားခဲ့သည်။

ရဲသားမောင်သန်းဖေ(လိုပြ-၂) က ဒဏ်ရာရသူ အစန်းကို ဆေးရုံပို့သည်။ မအုန်းသင်ရိုက်နှက်သည့် တုတ်ကိုပါသိမ်းပြီး ဌာနသို့ပို့အပ်၍ တိုင်ချက်ဖွင့်ကြသည်။ ထိုစဉ် ...




သည်။ ဒဏ်ရာရသူ အစန်းသည် ညနေ ၆ နာရီခန့်တွင် ဆေးရုံ၌ သေဆုံးသွားသည်။ ဆရာဝန်က ခွဲစိတ်ကြည့်ရှုရာတွင် ခေါင်းမှဒဏ်ရာများကြောင့် ဦးခေါင်းခွံသည် အရင်းထိကွဲသွားသဖြင့် သေစေရန်လုံလောက်သည့်ဒဏ်ရာဖြစ်သည်ဟု ဆိုသဖြင့် မနှင်းနှင့် မအုန်းသင်တို့အား ရာဇသတ်ကြီးပုဒ်မ-၃၀၂/၁၁၄ အရ ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ မနှင်းက ပြစ်ဒဏ်ချမှတ်သည့်အမိန့်ကို ကျေနပ်မှုမရှိသဖြင့် အထက်ရုံးတော်သို့ အယူခံဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

**အယူခံရုံးတော်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုတွင် မျက်မြင်သက်သေအနေဖြင့် ရဲသားမောင်သန်းဖေနှင့် ဦးဘိုးဟန်(လိုပြ၂-၄) နှစ်ဦးရှိရာ ၎င်းတို့၏ထွက်ဆိုချက်အရ သေသူအစန်းကို မအုန်းသင်က ဝါးလုံးနှင့်ရိုက်၍ အစန်းထိုင်လျက်လဲသွားစဉ် အယူခံတရားလို မနှင်းက သက်သေခံသစ်သားတုတ်နှင့် ခေါင်းကိုတစ်ချက်ရိုက်လိုက်ကြောင်း၊ မအုန်းသင်ရိုက်သည့်ဝါးလုံးကို လိုက်လံရှာဖွေသော်လည်း ရှာမတွေ့သဖြင့် သက်သေခံအဖြစ် မတင်ပြနိုင်ကြောင်း၊ ဝါးလုံးမှာ လုံးပတ်မည်မျှရှိ၍ မည်မျှရှည်သည်၊ ဝါးခေါင်းပိတ် သို့မဟုတ် ဝါးခေါင်းပွဖြစ်သည်ကို မည်သို့မျှမသိနိုင်ကြောင်း ရုံးတော်က စိစစ်သုံးသပ်ခဲ့သည်။

သက်သေထွက်ဆိုချက်များအရ အယူခံတရားလို မနှင်းက သေသူအစန်းအား ပထမတစ်ချက်ရိုက်သည်တွင် မထိပါ။ ဒုတိယတစ်ချက်တွင်သာ ခေါင်းကိုထိပါသည်ဟု တွေ့ရှိရပြီး ဆရာဝန်ထွက်ဆိုချက်အရ သေသူတွင် ဒဏ်ရာသုံးခုတွေ့ရှိရာ ရရှိဒဏ်ရာနှစ်ခုကြောင့် သေဆုံးရသည်ဟုဆိုသည်။ သေသူ၏ခေါင်းကို မအုန်းသင်က ဦးစွာ ဝါးလုံးနှင့်ရိုက်လိုက်သည်။ သေသူရရှိသည့် သေစေမည့်ဒဏ်ရာများမှာ မည်သူပြုသည့်ဒဏ်ရာဖြစ်ကြောင်း တထစ်ချယူဆရန် ခဲယဉ်းနေကြောင်းကို အစိုးရရှေ့နေကြီးက ဝန်ခံကြောင်း၊ ထိုသေလောက်သည့်ဒဏ်ရာများသည် အယူခံတရားလို မနှင်း ပြုလုပ်၍ရရှိသည့်ဒဏ်ရာများသာဖြစ်သည်ဟု ယူဆရန်လုံလောက်သည့် သက်သေခံအထောက်အထားမရှိကြောင်းကိုလည်း သဘောတူညီခဲ့သည်ကို အယူခံရုံးတော်က ထည့်သွင်းစဉ်းစားသုံးသပ်ခဲ့သည်။

ယခုအမှုအကြောင်းခြင်းရာများနှင့် ထပ်တူဖြစ်သည့် **မောင်စိန်ပါ(၁) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၄၈ ခုနှစ်၊ မ.တ.စ စာမျက်နှာ-၃၃၄** တွင် ပြဆိုထားသည့်အတိုင်း ယခုအမှုတွင် အယူခံတရားလို မနှင်းကျူးလွန်သည့်ပြစ်မှုမှာ ရာဇသတ်ကြီးပုဒ်မ-၃၀၄ မဖြစ်နိုင်။ ရာဇသတ်ကြီးပုဒ်မ-၃၂၅ သာဖြစ်ပေသည်ဟု ယူဆသင့်ကြောင်း အစိုးရရှေ့နေကြီးကိုယ်တိုင်က ပြဆိုခဲ့သည်။ (သေသူသည် ရိုက်နှက်သူနှစ်ဦးအနက် မည်သူ၏ရိုက်နှက်မှုကြောင့် သေလောက်သည့်ဒဏ်ရာရရှိကြောင်း ဒွိဟသံသယပေါ်ပေါက်နေခြင်းဖြစ်သည်။)

အယူခံတရားလိုက သေသူအစန်းအား မိမိမရိုက်ရပါ။ မအုန်းသင်နှင့် ရန်ဖြစ်နေသဖြင့် ဝင်ရောက်ဖျန်ဖြေခြင်းသာဖြစ်ပါသည်ဟု ဆိုသော်လည်း မအုန်းသင်၏ထွက်ဆိုချက်၌ မနှင်းက တုတ်နှင့်ရိုက်ကြောင်း ပေါ်လွင်နေရာ ချေပချက်ကို လက်ခံနိုင်စရာမရှိကြောင်း၊ မည်သို့ပင်ဖြစ်စေ အထက်ကပြဆိုခဲ့သည့်အတိုင်း ယခုအမှုတွင် သေသူအစန်းရရှိသည့်ဒဏ်ရာမှာ မည်သူပြုလုပ်၍ရရှိကြောင်းမှာ သံသယဖြစ်စရာရှိနေခဲ့သည်။ အယူခံတရားလိုသည် ထိုသံသယအကျိုးကို ခံစားခွင့်ရှိသည့်အတိုင်း အထက်တွင်ရည်ညွှန်းသည့် မောင်စိန်စီရင်ထုံးတွင် ပြဆိုချက်အရ ယခုအမှုတွင် အယူခံတရားလိုသည် ရာဇသတ်ကြီးပုဒ်မ-၃၂၅ အရသာ ပြစ်မှုကျူးလွန်သည်ဟု ဆုံးဖြတ်ရမည်ဖြစ်သဖြင့် ၎င်းအပေါ် ရာဇသတ်ကြီးပုဒ်မ-၃၀၄ အရ ပြစ်မှုတွေ့ရှိခဲ့ခြင်းကို လက်မခံနိုင်ကြောင်း ပယ်ဖျက်ရပေမည်ဟု စိစစ်သုံးသပ်ခဲ့သည်။

ဖော်ပြပါအကြောင်းများကြောင့် ထားဝယ်မြို့ ပထမအထူးတရားသူကြီးရုံး ၁၉၆၃ ခုနှစ် ရာဇဝတ်မှုအမှတ်(၈) တွင် အယူခံတရားလို မနှင်းအပေါ် ရာဇသတ်ကြီးပုဒ်မ-၃၀၄ အရ ပြစ်မှုကျူးလွန်သဖြင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ထားသည်ကို ပယ်ဖျက်၍ အယူခံတရားလို မနှင်းသည် ရာဇသတ်ကြီးပုဒ်မ-၃၂၅ အရသာ ပြစ်မှုကျူးလွန်သဖြင့်လည်းကောင်း၊ မနှင်းသည်မိန်းမသားဖြစ်၍ ထိုပြစ်မှုအတွက် အလုပ်ကြမ်းနှင့်ထောင်ဒဏ်လေးနှစ် ကျခံစေရမည်ဟု ပြင်ဆင်မိန့်ချမှတ်လိုက်သည်။

လွန်ခဲ့သော ၁၉၆၃ ခုနှစ်က ဖြစ်ပွားပေါ်ပေါက်ခဲ့သောအမှုအပေါ် ၁၉၆၄ ခုနှစ် မေ ၃ ရက်တွင် တရားသူကြီး ဦးထွန်းတင်က စီရင်ဆုံးဖြတ်ခဲ့သောအမှုဖြစ်သည်။ အယူခံတရားလိုအတွက် စီရင်ထုံးတွင် ရှေ့နေအမည်ကို ဖော်ပြထားခြင်းမရှိသော်လည်း အယူခံတရားခံ(နိုင်ငံတော်)အတွက် အစိုးရရှေ့နေကြီး ဦးခင်မောင် လိုက်ပါဆောင်ရွက်ကြောင်း တွေ့မြင်သိရှိရသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်က စီရင်ချက်အရေးအသားနှင့် အစိုးရရှေ့နေကြီးက (ထိုခေတ်ခါ ဝေါ်သုံးစွဲနေကြသည့် ဆွဲချအနေဖြင့် မဟုတ်ဘဲ) ဥပဒေလမ်းညွှန်စီရင်ထုံးများနှင့်အညီ တရားခံက သံသယအကျိုးကို ခံစားခွင့်ရရှိစေရန် ညီညွတ်မျှတစွာ တင်ပြထားသည်များကို တွေ့မြင်သိရှိရပါကြောင်း မနှင်း (အယူခံတရားလို) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (အယူခံတရားခံ) ၁၉၆၄ ခုနှစ် ရာဇဝတ်အယူခံမှုအမှတ်-၄၆ ကို ရည်ညွှန်းကိုးကားရေးသား တင်ပြလိုက်ရပါသည်။

# မိုးကောင်းမြို့နယ် တောင်နီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုးကောင်း မတ် ၁၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ ရာသီမရွေး သယ်ယူပို့ဆောင်နိုင်စေရန်အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တောင်နီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို မတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းထိုက်နှင့် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းက တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ တောင်နီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းအရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

တောင်နီကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ Box Culvert တစ်စင်းနှင့် အရှည်ပေ ၃၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၈ ပေရှိ ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄၃ ဒသမ ၆၇၅ သန်းဖြင့် Future Proof ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် ဇွန်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းက ပြောပြ၍ သိရသည်။



**သက်မာ**

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၁၄ ဘီလီယံ ဆောင်ရွက်ထား



**ရန်ကုန် မတ် ၁၄**

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၁၄ ဘီလီယံ ဆောင်ရွက်ထားကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UM-FCCI)မှ ဗဟိုအလုပ်အမှုဆောင် ဦးသက်လွင်ရွှေက ပြောပြ၍ သိရသည်။

ထိုသို့ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများကြား ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၁၄ ဘီလီယံထိ ဆောင်ရွက်ထားကြောင်း၊ ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ ၁၁ လတာကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့မှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၇၈ ဘီလီယံထိဆောင်ရွက်ခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၄ ဘီလီယံ ဆောင်ရွက်ခဲ့ပြီး ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၁၄ ဘီလီယံ ဆောင်ရွက်ထားကြောင်း သိရသည်။

“အခုနှစ် ဧပြီလကနေ ဖေဖော်ဝါရီလထိ မြန်မာနိုင်ငံအနေနဲ့ ပင်လယ်ရေကြောင်းက ပို့ကုန် အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၂ ဘီလီယံဆောင်ရွက်ခဲ့ပြီး သွင်းကုန် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅၂ ဘီလီယံ ဆောင်ရွက်ခဲ့ပါတယ်” ဟု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)မှ ဗဟိုအလုပ်အမှုဆောင် ဦးသက်လွင်ရွှေက ပြောပြသည်။

ASH

# ဆိပ်ဖြူမြို့နယ် ချင်တောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး စစ်ဆေး

**ဆိပ်ဖြူ မတ် ၁၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆိပ်ဖြူမြို့နယ် ချင်တောင်ကျေးရွာအုပ်စု ချင်တောင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် မတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်လင်းနိုင်၊ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ချင်တောင်ကျေးရွာအုပ်စု ချင်တောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ပြန်လည်ပြုပြင်မွမ်းမံ ဆောင်ရွက်နိုင်ရေး လက်ရှိစိုက်ပျိုးရေသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် ကျေးရွာမှ တာဝန်ရှိသူများကို ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ချင်တောင်ကျေးရွာ၌ လာမည့်ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် စိုက်ပျိုးရေဖူလုံစွာ ရရှိစေရန်အတွက် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အဆင်ပြေလွယ်ကူလာစေရန် မြေပြင်အခြေအနေများကို လုပ်ငန်းများမစတင်မီ ကြိုတင်ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်းဖြစ်ကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်ကပြောပြ၍ သိရသည်။

**နွံ့ယဉ်**

# ကျောက်မျှားမြို့နယ် ချောင်းဝကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကော့မှူး မတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းဝကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးနှင့်တာဝန်ရှိသူများက ရေကျော်ကျေးရွာအုပ်စု ချောင်းဝကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်သည့်ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြပြီး ခေတ္တမြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားသည်။



ကော့မှူးမြို့နယ် ချောင်းဝကျေးရွာတွင် အရှည်ပေ ၆၁၀၊ အကျယ် ကိုးပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၄ သန်းဖြင့် မတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကော့မှူးမြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာငါးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၆၆ ဒသမ ၅ သန်းဖြင့် အရှည်ပေ ၃၁၄၀ ကွန်ကရစ်လမ်း ငါးလမ်းကို ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မော်ရမ်းမြေ)**

# သထုံမြို့နယ် ကတိုက်ကလေးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်ရန် မြေတိုင်းတာခြင်းဆောင်ရွက်

**သထုံ မတ် ၁၄**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကတိုက်ကလေးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရန် မြေပြင်အခြေအနေ၊ အနိမ့်အမြင့်တိုင်းတာခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကတိုက်ကလေးကျေးရွာ ရပ်မိ၊ ရပ်ဖများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နိုင်ရေးအတွက် လမ်းအရှည်ပေအကျယ်မှာ သတ်မှတ်ထားသည့် စံနှုန်းများနှင့်ကိုက်ညီမှုရှိ၊ မရှိ၊ မြေပြင်အခြေအနေနှင့်ကိုက်ညီသည့် လမ်းအမျိုးအစားဖြစ်စေရေးအတွက် မြေပြင်အနိမ့်အမြင့် တိုင်းတာခြင်း၊ လမ်းအူကြောင်းရှာဖွေခြင်း၊ လက်ရှိကုန်ထုတ်လမ်းအသုံးပြုမှုအခြေအနေ၊ မြေနေရာရရှိနိုင်မှုအခြေအနေများ၊ ရေပွန်နှင့် တံတားလိုအပ်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးတို့က ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကတိုက်ကလေးကျေးရွာ၌ အရှည်ပေ တစ်မိုင် ကုန်ထုတ်လမ်း ဖောက်လုပ်ရန်လျာထားပြီး အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပေးမည်ဆိုပါက ကျေးရွာရှိ အိမ်ခြေ ၅၀၂ အိမ်၊ လူဦးရေ ၃၂၀၀ နှင့် လယ်ဧက ၆၀၀၀ ကျော်မှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် တင်ပို့နိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ စက်သုံးဆီတန်ချိန် ၄ ဒသမ ၃၂ သန်းတင်သွင်းခဲ့

**ရန်ကုန် မတ် ၁၄**

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ စက်သုံးဆီတင်သင်္ဘော ၂၇၉ စီးဝင်ရောက်ဆိုက်ကပ်ပြီး စက်သုံးဆီတန်ချိန် ၄ ဒသမ ၃၂ သန်း တင်သွင်းခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ သတင်းများအရ သိရသည်။

ယခုအခါ ရန်ကုန်မြို့ သီလဝါ ဆိပ်ကမ်းနယ်မြေတွင် စက်သုံးဆီတင်သင်္ဘောကြီးများ ဝင်ထွက်ဆိုက်ကပ်နိုင်သည့် အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ရှစ်စင်းရှိလာပြီဖြစ်ပြီး အဆိုပါတံတားများရှိ စက်သုံးဆီသိုလှောင်ကန်များ အနေဖြင့် ဒီဇယ်တန်ချိန် ၂ ဒသမ ၆၆ သန်း၊ ဓာတ်ဆီတန်ချိန် ၂ ဒသမ ၉၉ သန်းထိ သိုလှောင်ထားရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ စက်သုံးဆီတင်သင်္ဘော ၂၇၉ စီး ဝင်ရောက်ဆိုက်ကပ်ခဲ့ပြီး စက်သုံးဆီတန်ချိန် ၄ ဒသမ ၃၂ သန်းတင်သွင်းနိုင်ခဲ့ကြောင်း၊ ထိုသို့တင်သွင်းရာ ၂၀၂၂ ခုနှစ် ဧပြီလတွင် စက်သုံးဆီတင်သင်္ဘော ၁၃ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၁၆၉ သန်း၊ မေလတွင် စက်သုံးဆီတင်သင်္ဘော ၂၃ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၃၁၉ သန်း၊ ဇွန်လတွင် စက်သုံးဆီတင်သင်္ဘော ၂၂ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၃၅၂ သန်း၊ ဇူလိုင်လတွင် စက်သုံးဆီတင်သင်္ဘော ၂၁ စီးမှ စက်သုံးဆီ တန်ချိန် သုည ဒသမ ၃၀၄ သန်း၊ ဩဂုတ်လတွင် စက်သုံးဆီသင်္ဘော ၂၄ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၃၈၅ သန်း၊ စက်တင်ဘာလတွင် စက်သုံးဆီတင်သင်္ဘော ၂၅ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၄၁၅ သန်း၊ အောက်တိုဘာလတွင် စက်သုံးဆီတင်သင်္ဘော ၂၆ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၄၀၂ သန်း၊ နိုဝင်ဘာလအတွင်း စက်သုံးဆီတင်သင်္ဘော ၂၅ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၃၇၄ သန်း၊ ဒီဇင်ဘာလတွင် စက်သုံးဆီတင်သင်္ဘော ၃၁ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၄၉ သန်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် စက်သုံးဆီတင်သင်္ဘော ၃၇ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၅၇၅ သန်း၊ ဖေဖော်ဝါရီလတွင် စက်သုံးဆီတင်သင်္ဘော ၃၂ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၅၃၅ သန်း တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

(၃၃၆)

# ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲဝံ့ဇာနည် အောင်စစ်သည်** — ပထမဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၂။ **ဒီမိုကရေစီ နိုင်ငံသစ်ဆီ** — ဒုတိယဆု
ဒုတိယတပ်ကြပ်လှိုင်ဝင်းထွန်း

၃။ **အောင်လံရွှေသို့ချီ** — တတိယဆု
ဖုန်းမြင့်(MMC)

၄။ **နိုင်ငံ့တပ်မတော်ရွှေသို့ချီ** — စတုတ္ထဆု
ဇော်မျိုးထွန်း

၅။ **တပ်မတော်သားတို့တာဝန်** — ပဉ္စမဆု
မြင့်မိုရ်ဦး(သဇင်)

**စစ်သည်တေးသီချင်း**

၁။ **ရွှေသို့ချီမည် ပန်းတိုင်ဆီ** — ပထမဆု
ဇာမဏီ

၂။ **တို့ရဲ့မြန်မာ့တပ်မတော်** — ဒုတိယဆု
ကျော်ဆွေအောင်

၃။ **တပ်မတော်နှင့်ပြည်သူ** — တတိယဆု
မြင့်မိုရ်ဦး(သဇင်)

၄။ **ဒို့များဂုဏ်ရည် သမိုင်းတွင်မည်** — စတုတ္ထဆု
မြင့်မြတ်ဦး(မြဝတီ)

၅။ **အလွမ်းရက်နွေ အပြုံးပန်းဝေ** — ပဉ္စမဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင်)

**ကဗျာ(ဝါသနာရှင်)**

၁။ **သားကောင်းသွေးသစ် ထုဆစ်ပုံနှိုင်း သမိုင်းလက်ဆင့်ကမ်း ပြည်ချစ်ပန်း** — ပထမဆု
သက်ဝေ

၂။ **သမိုင်းထင်ပေါ် တပ်မတော်** — ဒုတိယဆု
လုလင်(မှော်ဝန်းမြေ)

၃။ **ဖိုးမောင်တမ်းချင်း** — တတိယဆု
အန်ကယ်ပညာ

၄။ **နေသို့ထွန်းသည့်မော်ကွန်းလွှာ** — စတုတ္ထဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင်)

၅။ **ပန်းမွေးသုံးထွေ ကြည်း၊ ရေ၊ လေ** — ပဉ္စမဆု
သဥ္စာညိုသင်း(လားရှိုး)

၆။ **နိုင်ငံ့အုတ်မြစ် မဏ္ဍိုင်အစစ် မျိုးချစ်ပြည်သူ့တပ်မတော်** — အထူးဆု(၁)
ကျော့ဝင်း(မိုးညင်း)

၇။ **မရှိုင်းတဲ့သမိုင်း** — အထူးဆု(၂)
ရဲမွန်ကျော်

၈။ **သူရဲကောင်းများအစဉ်ထွန်းကားရာ သားကောင်းတို့ပျော် တပ်မတော်** — အထူးဆု(၃)
သောင်းဌေး(တောင်တွင်း)

**ကဗျာ(အလွတ်တန်း)**

၁။ **သူရဲကောင်းသစ္စာ** — ပထမဆု
ပုလောစိုးနံ့သာ

၂။ **တပ်မတော်ဟူသည်** — ဒုတိယဆု
မြတ်ထွဏ်းနောင်

၃။ **ကောင်းမြတ်စွမ်းရည် သန္နိဋ္ဌာန်တည်သည့် မြန်ပြည်မျက်ရှုပြည်သူ့တပ်မတော်** — တတိယဆု
ညောင်ရွှေခင်မောင်မြ

၄။ **မင်္ဂလာအဆင့်ဆင့်မြင့်မြတ်သောတပ်မတော်** — စတုတ္ထဆု
အမောင်

၅။ **မြင့်မြတ်ရွှေပြည်အောင်လံတည်၍ အောင်စည်အောင်နိမိတ် အောင်ရိပ်ထွန်းပေါ် အောင်တပ်မတော်** — ပဉ္စမဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

**ဝတ္ထုတို**

၁။ **သစ္စာစစ်သွေး လွယ်လင်လေးမော်ကွန်း** — ပထမဆု
တက္ကသိုလ်မြမဥ္ဇူ

၂။ **မြင့်မြတ်သောဂုဏ်ဒြပ်တို့ လွှမ်းပတ်ဖွဲ့တည်ရာ** — ဒုတိယဆု
နေဇင်(ပေါက်ခေါင်း)

၃။ **ပီတိလွှမ်းတဲ့နှလုံးသား** — တတိယဆု
နိုင်ဆွေ(ခရမ်း)

၄။ **ဂုဏ်ယူနေပါ ဖေဖေ** — စတုတ္ထဆု
ပင်မြင့်စံ(ရွှေဘို)

၅။ **ရေထက်ပို၍ချီပါသည်** — ပဉ္စမဆု
မျိုးမြင့်ရန်နောင်

၆။ **ရဲရေးရောက်သော်** — အထူးဆု(၁)
ယိမ်းနွဲ့လျှံ

၇။ **မြူတိမ်ကင်းလို့ ဝင်းပစေ** — အထူးဆု(၂)
အမောင်

၈။ **သားကောင်းရင်ခွင်** — အထူးဆု(၃)
မသန်းလွင်(ဟဲဟိုး)

**ဝတ္ထုရှည်**

၁။ **ငါတို့သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရှိသေပါမည်** — ပထမဆု
ရဲဘော်ထွန်းထွန်း(တနိုင်း)

၂။ **နေတစ်စင်း လတစ်စင်းရဲ့ကောင်းကင်** — ဒုတိယဆု
နွေကုံ့ကော်(မြို့လှ)

၃။ **နှလုံးသားကမ္ဘည်းထက်က အနုညာတတို့၏ ပါဒလေးများ** — တတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၄။ **တောပျော်ငှက်တို့ အိမ်အပြန်** — စတုတ္ထဆု
မောင်လူစိမ်း(ကျုံပျော်)

၅။ **နှစ်နှစ်ကာကာ ချစ်ခဲ့ရပါသည်** — ပဉ္စမဆု
သန်းဝင်းထွန်း(ဆွာ)

**ဆုပေးပွဲအခမ်းအနားကျင်းပမည့်အစီအစဉ်**

-ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၂၃ ရက် (တနင်္လာနေ့)၊

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## လှိုင်းဘွဲ့မြို့နယ် ကိုညွှေ့သည်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး



**လှိုင်းဘွဲ့ မတ် ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုညွှေ့သည်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကိုညွှေ့သည်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်းလမ်း အရှည် ပေ ၈၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကွန်ကရစ်လမ်းကို ဌာနက သတ်မှတ်ထားသော စံနှုန်းများအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုညွှေ့သည်ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၇ ဒသမ ၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၇၈ သန်း စုစုပေါင်းငွေကျပ် ၂၀ ဒသမ ၂၈ သန်းအသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဖေဖော်ဝါရီ ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၄၆ အိမ်၊ လူဦးရေ ၁၀၅၀ အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**အထွေး**

## လဲချားမြို့နယ် မတ်ကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လဲချား မတ် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ ဝမ်ဆန်းကျေးရွာအုပ်စု မတ်ကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၂ သိန်းကို မတ်ကောက်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မတ်ကောက်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အထောက်အကူပြု ပုံမှန်သင်တန်းဖြစ်သည့် ရွှေချည်ထိုး၊ ငွေချည်ထိုး (၃)လသင်တန်းကို ၂၀၂၃ ခုနှစ်၊ မေလ(၁)ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

- ➢ အခြေခံပညာမူလတန်း အောင်မြင်ပြီး (၁၆)နှစ်မှ (၂၈)နှစ်အတွင်းဖြစ်ရမည်။
- ➢ အမျိုးသမီးများကို ဦးစားပေးမည်။

၃။ လျှောက်ထားလိုသူများသည် အောက်ပါလိပ်စာတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ(အမရပူရမြို့)
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၂- ၄၀၅၉၉၆၄၊ ၀၂- ၄၀၇၀၄၂၈၊ ၀၉- ၄၂၈၃၂၀၂၃၅၊ ၀၉- ၄၀၂၅၇၃၉၁၈၊ ၀၉- ၄၂၀၇၁၂၈၃၁
E-mail - mmsaunder@gmail.com

၄။ သင်တန်းအတွက် ရေမီး၊ အပြည့်အစုံ အဆောင် **(အခမဲ့)** နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လ ၃၀၀၀၀ိ/- ကျပ်ချီးမြှင့်ပါမည်။

၅။ ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ဝင်စားပြီး သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများအား အသက်ကန့်သတ်ချက် လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။

## စည်သွတ်စက်ရုံ(မန္တလေး)အတွက် အမဲသားကုန်ကြမ်းများတင်သွင်းရန် အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စည်သွတ်စက်ရုံ(မန္တလေး)မှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် (၂၀၂၃ ခု ဧပြီလ မှ ၂၀၂၄ ခု မတ်လထိ) အတွက် စည်သွတ်ဘူးထုတ်လုပ်ရန် လိုအပ်သော အမဲသား (အသားကောင်း) (၁၉၉,၃၆၇. ၂၃) ပိဿာအား အိတ်ပိတ်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် အမဲသားသတ်လိုင်စင်(စီ) ရထားသူများအနေဖြင့် အောက်ပါအတိုင်း တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) တင်ဒါတင်သွင်းရမည့်နေရာ-
စည်သွတ်စက်ရုံ(မန္တလေး)၊ ချမ်းမြသာစည်လေဆိပ်အနောက်ဘက်။

(ခ) တင်ဒါတင်သွင်းရမည့်နေ့နှင့်အချိန်-
၂၀၂၃ ခုနှစ်၊ မတ်လ (၂၂)ရက် (၀၈း၀၀)နာရီမှ
၂၀၂၃ ခုနှစ်၊ မတ်လ (၂၈)ရက် (၁၀း၀၀)နာရီအထိ

(ဂ) တင်ဒါဖွင့်ဖောက်ရွေးချယ်မည့်ရက်နှင့်အချိန်-
၂၀၂၃ ခုနှစ်၊ မတ်လ (၂၉)ရက် (၁၀း၀၀)နာရီ

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်ဒါပုံစံများကို တင်ဒါတင်သွင်းရမည့် စက်ရုံတွင် ရုံးဖွင့်ရက် နံနက် (၀၈း၀၀)နာရီမှ ညနေ (၁၆း၀၀)နာရီအတွင်း လာရောက်ကြည့်ရှုစုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင် ငွေကျပ် ၅၀၀၀ိ/- ဖြင့် ဝယ်ယူနိုင်ပါသည်။

**စက်ရုံမှူး၊ စည်သွတ်စက်ရုံ(မန္တလေး)**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**စာပေ မြင့်မှ လူမျိုး တင့်မည်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။


# ရခိုင်ပြည်နယ်၌ လေအားလျှပ်စစ်စီမံကိန်းသုံးခုကို ယခုနှစ် ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော်မည်



**စစ်တွေ မတ် ၁၄**

ရခိုင်ပြည်နယ်၌ တစ်နှစ်လျှင် ဓာတ်အား နာရီသန်းပေါင်း ၂၂၇ ဒသမ ၂ ကီလိုဝပ် ထုတ်လုပ်နိုင်မည့် လေအားလျှပ်စစ်စီမံကိန်း သုံးခုကို ယခုနှစ် ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ရခိုင်ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းက ပြောပြ၍ သိရသည်။

ရခိုင်ပြည်နယ်ရှိ ဂွမြို့နယ်၊ သံတွဲမြို့နယ်နှင့် အမ်းမြို့နယ်တို့၌ လေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းကို ယခုနှစ် ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး ဂွမြို့နယ်၌ စက်တပ်ဆင်အားမဂ္ဂါဝပ် ၅၀ ရှိသည့် လေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

"တစ်နှစ်ကို ဓာတ်အား နာရီသန်းပေါင်း ၂၂၇ ဒသမ ၂ ကီလိုဝပ် ရရှိမှာဖြစ်ပါတယ်။ ပထမဝပ်ရှိမဲ့ လေအားလျှပ်စစ်စီမံကိန်းကို ရခိုင်ပြည်နယ်မှာ လာမဲ့ဒီဇင်ဘာလမှာ စတင်မှာဖြစ်ပါတယ်။ ဒီစီမံကိန်းက မြန်မာနိုင်ငံရဲ့ ပထမဆုံးလေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းလဲဖြစ်ပါတယ်။ ဒီစီမံကိန်းက စက်တပ်ဆင်အား မဂ္ဂါဝပ် ၁၀၀ နဲ့ တည်ဆောက်မှာဖြစ်ပြီး တစ်နှစ်ထုတ်လုပ်မှုဓာတ်အားမှာ နာရီသန်းပေါင်း ၂၂၇ ဒသမ ၂ ကီလိုဝပ် ရရှိမှာဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့ စက်တပ်ဆင်အား မဂ္ဂါဝပ် ၅၀ နဲ့ လေအားလျှပ်စစ်ထုတ်လုပ်မှုကိုတော့ ဂွမြို့နယ်မှာ စတင်မှာဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင် ရခိုင်ပြည်နယ် ဥပဒေချုပ် ဦးလှသိန်းက ပြောပြသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးတည်ဆောက်မည့် အဆိုပါလေအားလျှပ်စစ်စီမံကိန်း သုံးခုစလုံးကို ၂၀၂၅ ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းတို့အနက်မှ ဂွလေအားလျှပ်စစ်စီမံကိန်း၏ ပထမအဆင့် မဂ္ဂါဝပ် ၅၀ ကို ယခုနှစ် ဒီဇင်ဘာလတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂွလေအားလျှပ်စစ်စီမံကိန်းကို မြန်မာနိုင်ငံသားပိုင် PRIMUS၊ ဟောင်ကောင်အခြေစိုက် AED နှင့် တရုတ်နိုင်ငံမှ YMEC တို့ပူးပေါင်း၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ရခိုင်ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းက ပြောပြ၍ သိရသည်။

ASH

# တန့်ယန်းမြို့နယ် မန်ကောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**တန့်ယန်း မတ် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ထပ်တိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် မန်ကောင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၁၃ ရက် နံနက်၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မန်ကောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ထပ်တိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာ တွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မန်ကောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၇၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ထပ်တိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၅၇ သိန်း စုစုပေါင်းငွေကျပ် ၁၅၇ သိန်းအသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက ပြောပြ၍ သိရသည်။

**နီလာ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရန်၊ မြေဩဇာရရှိရန်၊ အောင်ရေများရရှိရန်နှင့် စိုက်နည်းစနစ်မှန်ကန်ရန် လိုအပ်ပြီး စနစ်တကျဖြင့် စိုက်ပျိုးကြရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များကို တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

---





တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေး(၁/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေး (၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၁၄**

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေး(၁/၂၀၂၃)ကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

စာမျက်နှာ ၁၆ ကော်လံ ၅ ☆

